ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ အင်္ဂါနေ့၊ (13-9-2005)(၄၇၁၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၂၁)ရာစု သတင်းနှင့်ဆက်သွယ်ရေးနည်းပညာများကြောင့် ကမ္ဘာကြီးသည် ရွာကြီးအသွင် ကျဉ်းမြောင်းလာ လက်ရှိဖြစ်ပေါ်ပြောင်းလဲနေသည့် အချိန်အခါနှင့်အညီ လူမျိုးစွဲ၊ ဝါဒစွဲများကို ပယ်ဖျောက် အတွေးသစ်၊ အမြင်သစ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံပြီး ရှုမြင်သွားရန်လိုအပ်လာပြီ

ရန်ကုန် စက်တင်ဘာ ၁၂

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် စက်တင်ဘာ ၁၁ရက် နံနက် ၈နာရီတွင် လွိုင်ကော်မြို့ တပ်နယ်ခန်းမ၌ လွိုင်ကော်တပ်နယ်ရှိ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ လွိုင်ကော်တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲတွင် အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လွိုင်ကော်ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်မွေးမြူ

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီး။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၃-၉-၂၀၀၅
(အင်္ဂါနေ့)

နိုင်ငံတော်၏ အားပေးပံ့ပိုးမှုများနှင့်အညီ စက်မှုလုပ်ငန်းရှင်များ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်ကို အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် ပဓာနကျသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အလေးထား အကောင်အထည်ဖော်လျက်ရှိသည်။

အထူးသဖြင့် စက်မှုအခြေခံရှိသည့် နယ်မြေဒေသများနှင့် အခြေအနေပေးသော နယ်မြေဒေသများ၌ စက်မှုဇုန်များ ထူထောင်ကာ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံများ ပေါ်ထွက်လာရေး အားပေးကူညီနေသည်။ စက်မှုဇုန်များမှ သွင်းကုန်အစားထိုးလုပ်ငန်းများ၊ ပြည်ပပို့ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် မြေယာအခြေပြု စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

အဆိုပါထူထောင်ပြီး စက်မှုဇုန်များအနက် တောင်ကြီး (အေးသာယာ) စက်မှုဇုန်၊ မန္တလေးစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျိုလုပ်ငန်းနှင့် ပုံလောင်း၊ ပုံထောင်း၊ သံခုတ်စား အချောကိုင်စက်မှုလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာ စက်ပစ္စည်းအစိတ်အပိုင်းများနှင့် သံထည်ပစ္စည်းများကို စတင်ထုတ်လုပ်နေကြပြီဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အဖွဲ့ဝင်များ လိုက်ပါလျက် စက်တင်ဘာလ ၁၀ ရက်နေ့က တောင်ကြီးမြို့ (အေးသာယာ) စက်မှုဇုန်သို့သွားရောက်၍ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ မှာကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တောင်ကြီး (အေးသာယာ)စက်မှုဇုန်တွင် စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ၌ **စက်မှုလုပ်ငန်းရှင်များအနေဖြင့် မိမိတို့တစ်ဦးချင်း၊ စက်ရုံတစ်ရုံချင်းအနေဖြင့်သော်လည်းကောင်း၊ စက်မှုလုပ်ငန်းတူ၊ အမျိုးအစားတူအချင်းချင်းအနေဖြင့်သော်လည်းကောင်း၊ စက်မှုဇုန်အချင်းချင်းအနေဖြင့်သော်လည်းကောင်း ပူးပေါင်းမှု၊ အားပေးမှု၊ ရိုင်းပင်းကူညီမှုများဖြင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းသွားကြရန်** ဆွေးနွေးမှာကြားသွားသည်။

တောင်ကြီး (အေးသာယာ)စက်မှုဇုန်သည် တောင်ကြီးမြို့၏ အနောက်တောင်ဘက် အေးသာယာမြို့သစ်နှင့် ရွှေညောင်သွား ကားလမ်းမကြီးဘေးတွင်တည်ရှိပြီး စက်မှုလုပ်ငန်းရှင် ၉၉၂ ဦးတို့က နေအိမ်သုံး၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လယ်ယာသုံးစက်ကိရိယာအစိတ်အပိုင်းများကို ထုတ်လုပ်လျက်ရှိသည်။

အထူးသဖြင့် ဓာတ်မြေဩဇာအမျိုးမျိုး၊ စပါးရိတ်စက်၊ လက်တွန်းထွန်စက်၊ စပါးခြွေလှေ့စက်များနှင့် မော်တော်ယာဉ်များ၊ မော်တော်ယာဉ်သုံး အပိုပစ္စည်းအစိတ်အပိုင်းများကို လျာထားချက်ပြည့်မီစွာ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် အရင်းအနှီးနှင့်အတတ်ပညာရှင်များ ပြည့်စုံမှုရှိရန်လိုအပ်သည်။ ယင်းသို့ လိုအပ်သည့်အရင်းအနှီးများရရှိရေးအတွက် လယ်ယာ၊ သားငါး၊ သတ္တု၊ သစ်တောနှင့် စွမ်းအင်ကဏ္ဍများမှ ဝင်ငွေတိုးတက်ရရှိစေရန် ဆောင်ရွက်ရင်း အရည်အသွေးပြည့်ဝသည့် အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ရရှိစေရန်လည်း ပညာရေးကဏ္ဍက အစီအစဉ်များ ချမှတ်ဖော်ဆောင်လျက်ရှိသည်။

တစ်ချိန်တည်းတွင် နိုင်ငံတော်က ပြန့်ကျဲနေသည့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများအားစုစည်းပြီး ဒေသအလိုက် စက်မှုဇုန်များ ထူထောင်ပေးခြင်း၊ အိမ်တွင်းစက်မှုလုပ်ငန်းများအဆင့်မှ ခေတ်မီစက်မှုကုန်ထုတ်ပစ္စည်းများထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် ခေတ်မီစက်ပစ္စည်းများနှင့် နည်းပညာများတည်ထောင်ပေးခြင်းတို့ဖြင့် အားပေးပံ့ပိုးလျက်ရှိသည်။

သို့ဖြစ်ရာ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်၏ အဘက်ဘက်က အားပေးပံ့ပိုးမှုများနှင့်အညီ စက်မှုလုပ်ငန်းရှင်များ အနေဖြင့် စက်မှုဇုန်အချင်းချင်း၊ စက်ရုံအချင်းချင်း ပူးပေါင်းရိုင်းပင်းကူညီမှုများဖြင့် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ဆိပ်ကြီးခနောင်တိုမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်သို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် အဖွဲ့ဝင်များသည် နံနက် ၇နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်သို့ ရောက်ရှိသည်။

အမြန်တည်ဆောက်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် အဖွဲ့ဝင်များသည် ဆိပ်ကြီးခနောင်တိုမြို့နယ် ကမ်းနား၌ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီနှင့် မြန်မာ့ဆိပ်ကမ်း အာဏာပိုင်တို့ ပူးပေါင်း ဆောင်ရွက်လျက်ရှိသော အရှည်ပေ ၁၃၀၊ အကျယ် ၁၈ပေနှင့် ၁၅တန် ခံနိုင်ဝန်ရှိသည့် ယာဉ်ဆင်းတံတားတည်ဆောက်ရေး လုပ်ငန်းခွင်ရုံးသို့ ရောက်ရှိလာရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးက တံတား စတင်တည်ဆောက်လျက်ရှိသည့် အခြေအနေ၊ ပစ္စည်းများ စုဆောင်းထားရှိမှု အခြေအနေနှင့် တံတား အမြန်တည်ဆောက်ပြီးစီးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ယာဉ်ဆင်းတံတားကို သတ်မှတ်စံချိန် စံညွှန်းမီစွာဖြင့် နိုဝင်ဘာလအတွင်း ပြီးစီးအောင် တည်ဆောက်ကြရန်နှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဌာနဆိုင်ရာများအလိုက် ညှိနှိုင်းစီမံဆောင်ရွက်ကြရန် မှာကြားပြီး ယာဉ်ဆင်းတံတား ဆောက်လုပ်လျက်ရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် အဖွဲ့ဝင်များသည် မြို့ပတ်လမ်းဘေး၌ တည်ဆောက်ပြီးစီးသွားသည့် အလျား ၃၆ပေ၊ အနံပေ ၃၀ရှိ အော်တိုတယ်လီဖုန်း ဆက်သွယ်ရေးစခန်း အဆောက်အအုံကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးစောမူဒေးလူက အော်တိုတယ်လီဖုန်းလိုင်း ၅၀၀ တပ်ဆင်ဆက်သွယ်နိုင်ရေး စီမံထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မြို့နယ်နေ ပြည်သူများ၏ ဆက်သွယ်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာစေရေးအတွက် တယ်လီဖုန်းလိုင်းများ အမြန်တပ်ဆင်နိုင်ရေး စီမံဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါတို့သည် မြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းခန်းမအတွင်း ကျောင်းသား၊ ကျောင်းသူများ၏ ဘင်ခရာ သင်တန်းလေ့ကျင့်နေမှု၊ ကျောင်းစာသင်ခန်းများ၊ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများအတွင်း ပညာသင်ယူနေမှုနှင့် ကျောင်းအဆောက်အအုံနှင့် ပတ်ဝန်းကျင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာကြီး ဦးသန်းလှိုင်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ ပညာသင်ယူနိုင်ရေးအတွက် လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး သားဖွားခန်း၊ လူနာဆောင်၊ ဆေးသိုလှောင်ခန်းနှင့် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာယဉ်ယဉ်မိုးက လိုက်လံရှင်းလင်းပြသသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ပြည်သူများအတွင်း သွေးလွန်တုပ်ကွေးရောဂါနှင့် ကူးစက်တတ်သည့် ရောဂါများ မဖြစ်ပွားစေရေး ကာကွယ်နှိမ်နင်းကြရန်နှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို စေတနာအပြည့်အဝထား၍ ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိလာပြီး ရုံးခန်းမ၌ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ဝါဦးကျောင်းလမ်းနေ ဦးလှတင်-ဒေါ်မြကြွယ် မိသားစုတို့က အလှူငွေကျပ် တစ်သိန်းငါးထောင်ကို အင်းစိန်မြို့ မာလာရာမ ကွက်သစ်ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းနာယက ဦးအုန်းကြိုင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးသောင်းကြည်၊ ဘဏ္ဍာရေးမှူး ဦးမြင့်ရှိန်တို့ လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။(က-ပ)

ပုလော အထက ရွှေရတုနှင့် အာစရိယပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၁၂

တနင်္သာရီတိုင်း မြိတ်ခရိုင် ပုလောမြို့ အခြေခံပညာအထက်တန်းကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားနှင့် အာစရိယပူဇော်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇၊၂၈၊၂၉ ရက်များတွင် ကျင်းပသွားမည်ဖြစ်သည်။ ၁၉၅၄ ခုနှစ်မှ ၂၀၀၃ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသူ၊ ကျောင်းသားဟောင်းများသည် ရန်ကုန်မြို့တွင် ဦးမောင်လှ ဖုန်း-၅၁၄၉၆၉၊ဦးလှဝင်း ဖုန်း-၂၀၁၉၆၃၊ ဦးကြီးညွန့် ဖုန်း-၂၉၆၉၆၂၊ ဦးချစ်ထွေး ဖုန်း-၇၀၆၁၇၇၊ ဦးမင်းလွင် ဖုန်း-၇၂၄၆၅၅၊ ဦးသိန်းလွင် ဖုန်း-၇၀၅၈၅၂၊ မန္တလေးမြို့တွင် ဦးဆန်းအေး ဖုန်း-၀၉ ၂၀၀၇၄၂၂၊ ပုလောမြို့တွင် ဦးလှစိုး ဖုန်း-၀၅၉-၃၀၀၆၂၊ ဦးသက်ရှိန် ဖုန်း-၀၅၉-၃၀၀၆၄၊ ဒေါက်တာအောင်သာ ဖုန်း-၀၅၉-၃၀၀၃၅ တို့ထံဆက်သွယ် လှူဒါန်းနိုင်သည်။ ထို့ပြင် အထက်ပါစာသင်နှစ်များအတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမများသည် အပူဇော်ခံတက်ရောက်ရန်အတွက် အောက်တိုဘာ ၃၁ ရက်နောက်ဆုံးထား၍ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ (က-ပ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ကယားပြည်နယ် လွိုင်ကော်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက် ၁၀တိုက်သို့ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။ (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် လွိုင်ကော်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၂

ကယားပြည်နယ် လွိုင်ကော်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက် ၁၀တိုက်သို့ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ရက် နံနက် ၁၁နာရီ ၄၅မိနစ်တွင် လွိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ လွိုင်ကော်မြို့ပေါ်ရှိ ပရိယတ္တိ စာသင်တိုက် ၁၀တိုက်တို့မှ ပဓာန နာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ရဲမြင့်၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေနှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။ ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဆရာတော် သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများက ဆရာတော် သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ယင်းနောက် လွိုင်ကော်မြို့ ရွှေတောင်ပရိယတ္တိ စာသင် တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာသာမိက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လွိုင်ကော်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက် ၁၀တိုက်သို့ ယနေ့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် အိတ် ၁၀၀၊ ဆီ ပိဿာ ၂၀၀နှင့် လှူဖွယ်ပစ္စည်းများ ဖြစ်သည်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကယားပြည်နယ် လွိုင်ကော်မြို့ပေါ်ရှိ ပရိယတ္တိ စာသင်တိုက် ၁၀တိုက်သို့ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၃

မလေးရှားနိုင်ငံဆိုင်ရာ အထူး အာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်အောင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၅ခုနှစ် ဩဂုတ်လ ၃၀ရက်တွင် မလေးရှား နိုင်ငံ ကွာလာလမ်ပူမြို့၌ မလေးရှား နိုင်ငံ ဘုရင်မင်းမြတ် တွမ်ကူဆာရိဒ် ဆီရာဂျူဒင် အစ်ဘ်နီအာလ်မာဟူမ် တွမ်ကူဆာရိဒ်ပူထရာ ဂျမာလူလာ လိုင်လ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ငွေစာရင်းဦးစီးဌာန၏ ဓမ္မစကြာဝတ်အဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း (၁၉)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အလှူငွေ ကျပ်သုံးသိန်းကို ဥက္ကဋ္ဌ ဦးရိုန်ဝင်းနှင့် ဘဏ္ဍာရေးမှူး ဦးဒွေးမြင့်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

၁၀ ရက်တရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၁၂

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာ အလုပ်တရားတော်မြတ်ကြီးကို ကမ္မဋ္ဌာန်း နည်းပြဆရာ ဦးကျော်နိုင်ထွန်းက စက်တင်ဘာ ၁၅ရက်မှ ၂၄ရက်အထိ နေ့စဉ် မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်(၂၉) ဒုတိယလွှာတွင် ဓမ္မဒါနပြုမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဗဟိုအလုပ်အမှုဆောင် ရန်ကုန်မြို့တော်ဝန် သန့်ရှင်းရေးလုပ်အားပေးပွဲ ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၁၂

မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်၍ မြောက်ဥက္ကလာပမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီးဝင်း အတွင်း၊ အပြင် စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲကို ယမန်နေ့နံနက် ၇နာရီတွင် အဆိုပါဆေးရုံကြီး၌ကျင်းပရာ လုပ်ကွက်ငါးကွက်ခွဲ၍ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ရှင်းလင်းဆယ်ယူခြင်း၊ အမှိုက်လှဲခြင်း၊ ဆေးဖျန်းခြင်းလုပ်ငန်းများ တပျော်တပါးဆောင်ရွက်နေမှုကို ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်သည် မှော်ဘီမြို့နယ် အထယုကျေးရွာအနီး ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း(ငမိုးရိပ်)သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရန်ကုန်မြို့တော်နေပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်သည့် သောက်သုံးရေ ပထမအဆင့်အနေဖြင့် တစ်နေ့လျှင် ရေဂါလန် ၄၅သန်း ပိုမိုတိုးချဲ့ဖြန့်ဝေ ပေးနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကို စီမံကိန်းမှတာဝန်ရှိသူများက ရှင်းလင်း တင်ပြကြသည်။

ထို့နောက် မြို့တော်ဝန်သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။(သတင်းစဉ်)

ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ မဟာဓမ္မရံသီ အိမ်တော်ရာစေတီ တော်မြတ်ကြီး ပရိဝုဏ်အတွင်း တည်ထား ကိုးကွယ်တော်မူမည့် နဂါးရုံဘုရား တည်ဆောက်ရေး လုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ် ၁၀သိန်းကို ဂေါပကအဖွဲ့ ဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာမိုးတင်က ဘဏ္ဍာရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

အီရတ်နိုင်ငံ မငြိမ်မသက်ဖြစ်မှု ဒေသတွင်းနိုင်ငံများကို ထိခိုက်နိုင် ပြည်ပကျူးကျော်သိမ်းပိုက်မှု အဆုံးသတ်ရန် အီရန်တောင်းဆို

တီဟီရန် စက်တင်ဘာ ၁၁

အီရတ်နိုင်ငံတွင် မငြိမ်မသက်ဖြစ်မှုများ ဆက်လက်ပေါ်ပေါက်နေခြင်းသည် ဒေသအတွင်းရှိ နိုင်ငံများအားလုံးကို ထိခိုက်စေနိုင်ကြောင်း၊ အီရတ်နိုင်ငံတွင် ဆိုးရွားသည့်အခြေအနေဖြစ်ပေါ်ရခြင်း၏ အကြောင်းတရားမှာ ပြည်ပမှ ကျူးကျော်သိမ်းပိုက်မှုပင်ဖြစ်ကြောင်း အီရန်နိုင်ငံက စနေနေ့တွင် ဝေဖန်ပြောကြားလိုက်သည်။

လုံခြုံရေးကင်းမဲ့

အီရတ်နိုင်ငံတွင် နိုင်ငံခြားကျူးကျော်သိမ်းပိုက်မှုနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်နေသည့် လုံခြုံရေးကင်းမဲ့သည့် အခြေအနေနှင့် ခုခံတိုက်ခိုက်မှုများသည် အိမ်နီးချင်းနိုင်ငံများ၏ လုံခြုံရေးအပေါ်၌ အကျိုးသက်ရောက်မှုရှိကြောင်း အီရန်ပြည်ထဲရေးဝန်ကြီး မိုစတာဖာပူမိုဟာမာဒီ၏ ပြောကြားချက်ကို ကိုးကားလျက် အိုင်အာအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်သည်။

အီရတ်နိုင်ငံတွင် မတည်မငြိမ်ဖြစ်မှုများ ဆက်လက်ပေါ်ပေါက်နေခြင်းဖြင့် ဒေသတွင်း နိုင်ငံများမှာလည်း လုံခြုံမှု ထိခိုက်ပျက်စီးနိုင်ကြောင်း ဂျော်ဒန်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးရာတွင် ဝန်ကြီးမိုဟာမာဒီက ပြောကြားကြောင်း အိုင်အာအင်န်အေက ရေးသားဖော်ပြသည်။

စောင့်ကြည့်

အီရန်နိုင်ငံသည် ယင်းနိုင်ငံ၏ အနောက်ဘက်ရှိ အိမ်နီးချင်း အီရတ်နိုင်ငံတွင် စစ်ပွဲစတင်ဖြစ်ပွားခဲ့ချိန် မှစ၍ လုံခြုံရေးဆိုင်ရာ ဖြစ်ထွန်းပေါ်ပေါက်မှုများကို အဆက်မပြတ်လေ့လာစောင့်ကြည့်ခဲ့သည်။

အီရတ်နိုင်ငံတွင် စခန်းချထားသည့် နိုင်ငံခြားတပ်ဖွဲ့များ ရုပ်သိမ်းပေးရန် အီရန်နိုင်ငံက တောင်းဆိုခဲ့သည်။ အီရတ်နိုင်ငံမှ ပြည်ပတပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းပေးခြင်းဖြင့် စစ်ကြောင့်ပျက်စီးနေသော အီရတ်နိုင်ငံတွင် ငြိမ်းချမ်းရေးတည်ဆောက်နိုင်မည်ဖြစ်ကြောင်း အီရန်နိုင်ငံက ပြောကြားခဲ့သည်။

အင်တာနက်။

အီရတ်နိုင်ငံ တယ်လ်အာဖာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက မသင်္ကာဖွယ်ရာ အဆောက်အအုံများကို စက်တင်ဘာ ၁၀ ရက်တွင် ဝင်ရောက်ရှာဖွေရန် ကြိုးပမ်းနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)



အီရတ်တွင် သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ စက်တင်ဘာ ၁၁ ရက်အထိ ၁၈၉၇ ဦး ရှိပြီ

ဝါရှင်တန် စက်တင်ဘာ ၁၁

၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့ချိန်နောက်ပိုင်း ယင်းနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးရသမျှမှာ ၂၀၀၅ ခုနှစ် စက်တင်ဘာ ၁၁ ရက်အထိ ၁၈၉၇ ဦးဖြစ်ကြောင်း အေပီသတင်းဌာန၏ စစ်တမ်းတွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံတွင် သေဆုံးခဲ့ရသော အမေရိကန် တပ်ဖွဲ့ဝင်များအနက် ၁၄၇၀ မှာ ရန်သူ၏ တိုက်ခိုက်မှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း၊ ၎င်းတို့တွင် အမေရိကန်စစ်ဘက်၌ အမှုထမ်းနေသည့် အကျဉ်းသားငါးဦးလည်းပါဝင်ကြောင်း အဆိုပါစစ်တမ်းတွင် ဖော်ပြထားသည်။

ပိုမိုများပြား

အေပီသတင်းဌာန၏ စစ်တမ်းပါ အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးရသူဦးရေမှာ အမေရိကန်ကာကွယ်ရေးဌာန၏ ထုတ်ပြန်ကြေညာချက်ပါ သေဆုံးရသူဦးရေထက် ခြောက်ဦးပိုမိုများပြားသည်။

အီရတ်နိုင်ငံတွင် အဓိကကျသော တိုက်ခိုက်ရေး စစ်ဆင်မှုလုပ်ငန်းများ ပြီးဆုံးပြီဖြစ်ကြောင်း အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ် ထုတ်ပြန်ကြေညာခဲ့ချိန်နောက်ပိုင်း သေဆုံးခဲ့ရသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၇၅၈ ဦးရှိကြောင်း အေပီ၏ စစ်တမ်းတွင် ဖော်ပြထားသည်။ ဖော်ပြပါ အရေအတွက်အနက် ၁၃၆၁ ဦးမှာ ရန်သူ၏ တိုက်ခိုက်မှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း စစ်တမ်းတွင် ရေးသားထားသည်။

အင်တာနက်။

အီဂျစ်သမ္မတ မူဘာရက် ထပ်မံရွေးချယ်ခံရ

ကိုင်ရို စက်တင်ဘာ ၁၁

အီဂျစ်သမ္မတ ဟိုစနီမူဘာရက်သည် သမ္မတအဖြစ် ထပ်မံ ရွေးချယ်တင်မြှောက်ခံရပြီး စက်တင်ဘာ ၂၇ ရက်တွင် ကျမ်းသစ္စာ ကျိန်ဆိုမည်ဖြစ်သည်။

သမ္မတ မူဘာရက်သည် အီဂျစ်နိုင်ငံတွင် ပထမဆုံးအကြိမ် သမ္မတလောင်းအများအပြား ပါဝင်ယှဉ်ပြိုင်သော ရွေးကောက်ပွဲ၌ ထောက်ခံမဲ ၈၈ ဒသမ ၆ ရာခိုင်နှုန်းရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

၂၄နှစ်တိုင်တိုင် အာဏာရရှိလာခဲ့သော မစ္စတာ မူဘာရက်အား ယှဉ်ပြိုင်သည့် ဂယက်ပါတီမှ သမ္မတလောင်း အီမန်နူးရ်မှာမူ ထောက်ခံမဲ ၇ ဒသမ ၅ ရာခိုင်နှုန်းရရှိသည်။ မစ္စတာ မူဘာရက်သည် ရွေးကောက်ပွဲတွင် အနိုင်ရရှိခြင်းဖြင့် ခြောက်နှစ်သက်တမ်းရှိ သမ္မတရာထူးတာဝန်ကို ပဉ္စမအကြိမ် ရယူနိုင်မည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

တောင်အာဖရိကတွင် ဂျက်လေယာဉ်ပျက်ကျ၊ နှစ်ဦးသေဆုံး

ဂျိုဟန်နစ္စဘတ် စက်တင်ဘာ ၁၁

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်၏ တောင်ဘက်ကီလိုမီတာ ၆၀ အကွာရှိ ဗီရီနီဂျင်း လေဆိပ်ရှိ လေယာဉ်ဆင်းကွင်းတစ်ခုတွင် ဂျက်လေယာဉ်တစ်စင်းစနေနေ့က ပျက်ကျရာ လူနှစ်ဦးသေဆုံးခဲ့ကြောင်း တောင်အာဖရိကသတင်းဌာနက သတင်းထုတ်ပြန်သည်။

မသိရသေး

ဂျက်လေယာဉ် ပျက်ကျရခြင်း၏ အကြောင်းအရင်းကို တိတိကျကျ မသိရသေးကြောင်း အရေးပေါ်လုပ်ငန်းဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂါရက် စတာဒလာက ပြောကြားသည်။

မပြောနိုင်သေး

လေယာဉ်မှူးအနေဖြင့် လေယာဉ်ကို မထိန်းနိုင်၊ မသိမ်းနိုင်ဖြစ်နိုင်ခြေရှိကြောင်း တိတိကျကျ မပြောနိုင်သေးကြောင်း ၎င်းက ပြောကြားသည်။

စုံစမ်းစစ်ဆေး

လေယာဉ် ပျက်ကျရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးမည်ဖြစ်ကြောင်း မြို့ပြလေကြောင်း ပျံသန်းမှုအာဏာပိုင် (စီအေအေ)က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်လေဆိပ်ကို ပြန်ဖွင့်ရန် အီရတ်တပ်ဖွဲ့အား ညွှန်ကြားထား

ဘဂ္ဂဒက် စက်တင်ဘာ ၁၁

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်ရှိလေဆိပ်ကို ပြန်လည်ဖွင့်လှစ်ရန် အီရတ်တပ်ဖွဲ့ဝင်များအား အစိုးရအဖွဲ့က ညွှန်ကြားထားကြောင်း ယာယီသယ်ယူပို့ဆောင်ရေးဝန်ကြီးက စနေနေ့တွင် ပြောကြားသည်။

— ပိတ်ထား —

မြို့တော်ဘဂ္ဂဒက်ရှိ လေဆိပ်အတွက် လုံခြုံရေးတာဝန်ယူထားသော ဗြိတိသျှကုမ္ပဏီတစ်ခုသည် လုပ်ခလစာဆိုင်ရာ အငြင်းပွားမှုတစ်ရပ်ကြောင့် လုပ်ငန်းများကို ရပ်ဆိုင်းထားလိုက်ချိန်မှစ၍ အဆိုပါ လေဆိပ်ကို ပိတ်ထားခဲ့သည်။

လန်ဒန်အခြေစိုက်လုံခြုံရေးကုမ္ပဏီသည် ၎င်း၏ လုပ်ပိုင်ခွင့်အာဏာထက်ကျော်လွန်ကာ ဘဂ္ဂဒက်လေဆိပ်ကို စနေနေ့အရုဏ်တက်ချိန်တွင် ပိတ်ထားခဲ့ကြောင်း၊ ယခုအခါတွင်မူ လေဆိပ်ကို ပြန်လည်ဖွင့်လှစ်နိုင်ရန် အစိုးရတပ်ဖွဲ့ဝင်များကို စေလွှတ်လိုက်ပြီဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေး ယာယီဝန်ကြီး အက်စ်မက်အမ်က ပြောကြားသည်။

မိမိတို့သည် ဘဂ္ဂဒက်လေဆိပ်အား ပိတ်ခြင်းကိုမည်သည့်နည်းနှင့်မျှ လက်ခံမည်မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

ဂျာမနီနိုင်ငံ ဘာဗေးရီးယားပြည်နယ် အော်ဘာစတူဖန်မြို့တွင် မွေးမြူရေးသမားများ လုပ်ငန်းခွင်ဝင်နေသည်ကို စက်တင်ဘာ ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကိုအိဇုမိ၏ ပါတီအနိုင်ရ

တိုကျို စက်တင်ဘာ ၁၁

ဂျပန်နိုင်ငံဝန်ကြီးချုပ် ဂျူနီချီယိုကိုအိဇုမိနှင့် သူ၏ပါတီသည် စက်တင်ဘာ ၁၁ ရက်က ကျင်းပပြီးစီးသွားသော ဂျပန် အထွေထွေရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင် ရရှိသွားပြီဖြစ်သည်။ အာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်လ်ဒီပီ)သည် ကိုယ်စားလှယ်နေရာ ၄၈၀ ရှိသည့် ဂျပန်ပါလီမန်တွင် ကိုယ်စားလှယ်နေရာ ၂၉၆ နေရာ ရရှိကြောင်း ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

အယ်လ်ပီဒီနှင့်ယင်းပါတီ၏မိတ်ဖက် နယူးကိုမီတိုပါတီ နှစ်ရပ်ပေါင်းသည် ဂျပန်နိုင်ငံအောက်လွှတ်တော်တွင်ယခင်ရွေးကောက်စဉ်က ကိုယ်စားလှယ်နေရာ ၂၈၃နေရာသာရှိခဲ့သော်လည်း နောက်ဆုံးကျင်းပပြီးစီးသွားသော ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်နေရာပေါင်း ၃၂၇ နေရာ ရရှိသွားသည်။

အမ်အင်အေ၊ရိုက်တာ။

ရေနံဈေးနှုန်းမြင့်တက်သော်လည်း ကမ္ဘာ့စီးပွားရေးကို ဆိုးရွားစွာ မထိခိုက်နိုင်

ကယ်ဂါရီ စက်တင်ဘာ ၁၀

အမေရိကန်နိုင်ငံတွင် ကက်ထရီနာ ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှု၏ အကျိုးဆက်တစ်ရပ်အဖြစ် တစ်စည်လျှင်အမေရိကန် ဒေါ်လာ ၇၀ အထိ ရေနံဈေးနှုန်းမြင့်တက်သွားခြင်းကြောင့် ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်းထိခိုက်နိုင်သော်လည်း ဆိုးရွားစွာ ထိခိုက်နိုင်ခြင်းမရှိကြောင်း တရုတ်၊ ကနေဒါနှင့် ပြင်သစ်နိုင်ငံတို့မှ ဘဏ်လုပ်ငန်းရှင်များက သောကြာနေ့တွင် ပြောကြားသည်။

စီးပွားရေးတိုးတက်မှုမြင့်မားတိုးတက်လာသော တရုတ်နိုင်ငံသည် ရေနံဝယ်လိုအား ကြီးထွားလာပြီး ပြည်ပမှရေနံစိမ်းတင်သွင်းနေရကြောင်း၊ မက္ကဆီကိုပင်လယ်ကွေ့တွင် ဟာရီကိန်းမုန်တိုင်းဒဏ်ကြောင့် ရေနံထုတ်လုပ်ရေး လုပ်ငန်းများ ထိခိုက်ခဲ့ရကြောင်း၊ သို့ရာတွင် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းကို အကြီးအကျယ်ထိခိုက်စေမည်မဟုတ်ကြောင်း၊ ၈ ရာခိုင်နှုန်းစီးပွားရေးတိုးတက်ရန် တရုတ်အစိုးရ၏ လျာထားချက်မှာ ပြည့်မီဖွယ်ရှိကြောင်း တရုတ်ပြည်သူ့ဘဏ် အုပ်ချုပ်ရေးမှူး ကျူကျောင်ချွန်က ပြောကြားသည်။ ကမ္ဘာ့ရေနံဈေးနှုန်းများသည် ယခုနှစ်တွင် ၅၀ ရာခိုင်နှုန်းမြင့်တက်သွားသည်။ ယင်းမှာစီးပွားရေးတိုးတက်လာသော နိုင်ငံများက ရေနံစိမ်းတင်သွင်းမှုများကို တိုးမြှင့်ပြုလုပ်လာခြင်းကြောင့်လည်းကောင်း၊ ရေနံတင်ပို့ရောင်းချသော နိုင်ငံများ အဖွဲ့၏ အသင်းဝင်များမှာရော အိုပက်အသင်းမဟုတ်သည့် နိုင်ငံများမှာပါ ရေနံထုတ်လုပ်မှုဆိုင်ရာ ကန့်သတ်ချက်များ ရှိနေခြင်းကြောင့် လည်းကောင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***



မမှန်သည့်သတင်း၊ မမှန်သည့် မီဒီယာများကို တန်ပြန်ထိုးစစ်ဆင်နိုင်ရန် အသင်းကြီး၏ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်း ဝါဒဖြန့်ချိရေးယန္တရားထူထောင် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှု၊ အဖျက်အမှောင့်ဟူသမျှ ဖယ်ရှားတိုက်ဖျက်

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်က ကြီးမှူး ဖွင့်လှစ်သည့် အခြေခံ သတင်းစာပညာသင်တန်း အမှတ်စဉ်(၂)သင်တန်းဖွင့်ပွဲအခမ်းအနား ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာ လမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး သင်တန်းဖွင့်အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်က ကြီးမှူးဖွင့်လှစ်သော အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ခန်းမဆောင်၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခြေခံသတင်းစာပညာသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်း၊ ဗဟိုအလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြများ၊ အသင်းဌာနချုပ်မှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက သင်တန်းဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာရေးအတွက် အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ကြမည့်၊ နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ကြမည့် မျိုးဆက်သစ် လူငယ်မောင်မယ်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီးကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ရည်ရွယ်ချက် (၅)ရပ်၊ အခြေခံမူ (၅)ရပ်၊ ကတိသစ္စာ (၄)ချက်၊ ကျင့်ဝတ်(၁၁)ပါးနှင့် တာဝန်ဝတ္တရား (၁၄)ချက်ကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

အားရဂုဏ်ယူဖွယ်ကောင်း

အသင်းကြီးဖွဲ့စည်းကတည်းက နိုင်ငံ့အကျိုး၊ ဒေသခံပြည်သူ့အကျိုးကို ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ အသင်းကြီး၏ ရပ်တည်ချက်၊ လုပ်ငန်းစဉ်များကို ဒေသခံပြည်သူများအများစုက ယုံကြည်ပူးပေါင်းဆောင်ရွက်လာကြ၍ ၁၂ နှစ်တာ ကာလအတွင်း အသင်းဝင်အင်အား ၂၁ သန်းကျော်အထိ တိုးတက်များပြားလာကြောင်း၊ နိုင်ငံတော်ကြီးကို စောင့်ရှောက်ကာကွယ် တည်ဆောက်မည့် အမျိုးသားရေးအင်အားစုကြီး အင်အားတောင့်တင်းခိုင်မာလာ၍ အားရဂုဏ်ယူဖွယ်ကောင်းလှကြောင်း။

အရေးအတွက်သာမက အရည်အချင်းပါ ပြည့်ဝရေးအတွက် ဗဟိုနှင့် အသင်းအဆင့်ဆင့်က စီမံချက်များချမှတ်ပြီး သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်လေ့ကျင့် ပျိုးထောင်ပေးနေကြောင်း၊ ဗဟိုအဆင့်၌ အသင်းဝင် နှစ်သောင်းကျော် (၂၀၈၂၀)နှင့် အသင်းအဆင့်ဆင့်တွင် အသင်းဝင် ဆယ်သန်းနီးပါး (၉၇၃၁၅၀၉)ဦးကို လေ့ကျင့်ပျိုးထောင်ပေးခဲ့ပြီးဖြစ်ကြောင်း။

မျိုးဆက်သစ်လူငယ်များ၏ ရှိပြီးကိုယ်ရည်ကိုယ်သွေး ပင်ကိုအရည်အချင်းကောင်းများနှင့် အပတ်တကုတ်ကြိုးစားအားထုတ်သည့် လူတော်၊ ကိုယ်ကျင့်တရား၊ အကျင့်သိက္ခာ၊ သီလကောင်းပြီး အများအပေါ်ကောင်းသည့် လူကောင်းများ ဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးနေခြင်းဖြစ်ကြောင်း။

နိုင်ငံ့သားကောင်းများဖြစ်လာရေး

နိုင်ငံတော်နှင့် အသင်းကြီးအတွက် ကိုယ်ကျိုးစွန့်လွှတ် စွန့်စားသည့် နိုင်ငံ့သားကောင်းများဖြစ်လာရေး လေ့ကျင့်ပျိုးထောင်နေခြင်းသည် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်ကြီးအတွက် ပံ့ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ယခုဖွင့်လှစ်သည့် အခြေခံသတင်းစာပညာသင်တန်းမှာ မီဒီယာလုပ်ငန်း စိတ်ဝင်စားပြီး အရည်အချင်းရှိသည့် အသင်းဝင် လူငယ်များကို ယုံကြည်ချက်၊ ခံယူချက်မြင့်မားရေး၊ မီဒီယာထိုးစစ်များအပေါ် အမှန်တရားဖြင့် ပြန်လည်ချေပ နိုင်ရေး၊ ပြည်သူများကို သတင်းမှန်များ အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရေး ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းမှာ သတင်း ဘာသာရပ်အနေဖြင့် သတင်းအင်္ဂါရပ်၊ သတင်းပုံစံ၊ သတင်းအရေးပါမှု၊ သတင်း အစီရင်ခံရေး၊ သတင်းအသုံးပြုရေး၊ သတင်းလုံခြုံရေးများ၊ သဘောတရား ဘာသာရပ်အနေဖြင့် ယုံကြည်ချက်မြင့်မားရေး၊ ပြည်သူ့သဘောထားအမှန် သိအောင်ဆောင်ရွက်ရေး၊ လူအကဲခတ်နည်း၊ ဝါဒဖြန့်ချိရေး နည်းနိဿယ၊ ကောလာဟလသတင်း ချေဖျက်ခြင်းများကို ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း၊ နည်းပညာဘာသာရပ်အနေနှင့် ကင်မရာ၊ ဗီဒီယိုရိုက်ကူးခြင်း၊ အသံဖမ်းခြင်းနှင့် လေ့လာရေးခရီးစဉ်၊ လေ့လာရေးဆောင်းပါး ရေးသားခြင်းကို လက်တွေ့ဆောင်ရွက် စေမည်ဖြစ်ကြောင်း၊ ပြည်သူ့သဘောထားအမှန်၊ ပြည်သူတို့၏ အသံကို အလေးထားပြီး မမှန်သတင်း ထုတ်လွှင့်နေမှုများအပေါ် အမှန်အတိုင်း ပြည်သူတွေ သိရှိသွားနိုင်ရေးအတွက် ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း။

ယနေ့ကာလမှာ နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော် ပူးပေါင်းပြီး ဒို့တာဝန်အရေး (၃)ပါးကို ခံယူ၊ ဦးတည်ချက် (၁၂)ရပ်အတိုင်း နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် နေ့မအား ညမနား ဆောင်ရွက်နေကြောင်း၊ တရားဥပဒေ စိုးမိုးရေး၊ အေးချမ်းတည်ငြိမ်ရေး၊ စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်ပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးဒေသ ၂၄ ခု၊ နယ်စပ်ဒေသနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

အခြေခံကောင်းများပေါ်ထွန်း

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ ပေါ်ထွန်းနေပြီ ဖြစ်ကြောင်း၊ အေးချမ်းတည်ငြိမ်မှု၊ စီးပွားရေး ခိုင်မာတောင့်တင်းမှု၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးမှုများကို ခံစားစံစား နေကြရပြီဖြစ်ကြောင်း၊ အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ မူဝါဒလမ်းစဉ် (၇)ရပ်နှင့် ပထမအဆင့် အရေးကြီးဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကိုယ်စားလှယ်များစုံညီစွာဖြင့် ကျင်းပဆောင်ရွက်နေပြီဖြစ်ကြောင်း။

ဤသို့ အစိုးရ၊ ပြည်သူ၊ တပ်မတော်က နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် တည်ဆောက်ရေးများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်မှုကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်ပေမယ့် ဒီဖြစ်ရပ်မှန်တွေကို မျက်ကွယ်ပြုပြီး အကြောင်းအမျိုးမျိုးကြောင့် မိမိတို့လိုရာကို ပြောဆိုလုပ်ဆောင်နေကြသူများလည်း ရှိကြောင်း၊ မီဒီယာအချို့ကလည်း နည်းပညာကွာဟမှုကို အခွင့်ကောင်းယူပြီး မဟုတ်မမှန် ဝေဖန်ပြောဆို ရေးသားထုတ်လွှင့်ပြီး ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်ရန် ဆောင်ရွက်နေ ကြောင်း၊ မမှန်သည့်သတင်း၊ မမှန်သည့် မီဒီယာများကို တန်ပြန်ထိုးစစ်ဆင်နိုင်ရန် အသင်းကြီး၏ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်း ဝါဒဖြန့်ချိရေးယန္တရားထူထောင်ပြီး နိုင်ငံတော်၏ ပြန်ကြားရေးမဏ္ဍိုင်ကို အထောက် အကူပြု ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မမှန်သတင်း၊ ကောလာဟလများကို အီလက်ထရွန်းနစ်မီဒီယာ၊ အိုင်တီနည်းပညာ၊ ပုံနှိပ်မီဒီယာ၊ လူလူချင်းသတင်း ဆက်သွယ်ရေး မီဒီယာများနှင့် ပေါင်းစပ်အသုံးပြုပြီး တန်ပြန်ချေဖျက် သွားရမည်ဖြစ် ကြောင်း၊ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုဟူသမျှ၊ အဖျက် အမှောင့် လုပ်ရပ်ဟူသမျှကို နိုင်ငံတော်နှင့်အသင်းကြီးက အားထားရသည့် ပြန်ကြားရေးမှူးကောင်း၊ ဆက်သွယ်ရေးမှူး ကောင်းများအနေဖြင့် ဖယ်ရှား တိုက်ဖျက်သွားရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်မှာကြားလိုသည်မှာ–

- **အသင်းကြီးက လေ့ကျင့်ပျိုးထောင် ဖွင့်လှစ်ပေးမှုအားလုံးသည် အသင်းဝင်များ၏ အရည်အချင်းများ တိုးတက်မြင့်မားပြီး မိမိတို့၏ ပတ်ဝန်းကျင်နယ်မြေ လူထုအကျိုးအတွက် ကူညီဆောင်ရွက်နိုင်စေ ရန်အတွက် ငွေအား၊ လူအား၊ ပစ္စည်းအား စိုက်ထုတ်မှု၊ စေတနာ အားနှင့် အချိန်ပေး လေ့ကျင့်ပေးနေခြင်းကိုလည်း သိမြင်နားလည် ရမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်ခွင့်ရသူများ အနေဖြင့် အခြေအနေ အရပ်ရပ်ကို သိမြင်နားလည်ပြီး မိမိတို့၏ အရည် အချင်းများ တိုးတက်မြင့်မားလာစေရန် အခွင့်အရေးရချိန်တွင် သင်တန်းက ချမှတ်ထားသည့် စည်းကမ်းများကို လိုက်နာပြီး အောင်မြင်အောင် လေ့လာမှတ်သားကြရန်၊**
- **သင်တန်းတက်ရောက်ရာမှ ရရှိလာမည့် အသိပညာ၊ အတတ်ပညာ များကိုလည်း လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးပြုနိုင်အောင် မပြတ်လေ့ကျင့်နေကြရန်။**
- **သင်တန်းသားများသည် ပြည်နယ်၊ တိုင်းသီးသီးက ရွေးချယ် တာဝန်ပေးသူများ ဖြစ်ကြသည့်အတိုင်း သင်တန်းတွင်သာမက သွားလာပြုမူ ဆက်ဆံရာတွင်ပါ စံနမူနာပြဖြစ်အောင် ကျင့်ကြံ နေထိုင်ပြီး ကျရာတာဝန်ကို အောင်မြင်အောင် ဆောင်ရွက်သွား ကြရန်။**
- **တာဝန်၏အရေးပါမှုကို နားလည်သဘောပေါက်ပြီး ဒို့တာဝန် အရေး (၃)ပါးကို မမိုတ်မသုန်ခံယူ၊ ဦးတည်ချက် (၁၂)ရပ်နှင့် အညီ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး၊ အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ရေး သစ္စာရှိရှိ၊ သတိရှိရှိ ဆောင်ရွက်သွားကြရန်** ပြောကြားသွားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် သင်တန်းသား၊ သင်တန်းသူ များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အဆိုပါ အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၂)သို့ ပြည်နယ် နှင့် တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၅၃ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ နိုဝင်ဘာ ၉ ရက်အထိ ရက်သတ္တ ကိုးပတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

ဗီတာမင်ဆေးတိုက်ကျွေး

စက်တင်ဘာ ၂ ရက်က လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုဖွင့်ပွဲ အခမ်းအနားကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စောရွှေက ကလေးငယ်များအား ဗီတာမင်ဆေးများ တိုက်ကျွေးစဉ်။

(က-ပ)

ထိန်းသိမ်းခြင်းမာန် ဆန်းသစ်တီထွင်ခြင်းဟာန်

ခြင်ကျား (မအူပင်)

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းက တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲနာယကများပါဝင်သော ပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး၌ အောက်ပါအတိုင်း ဆွေးနွေးမှာကြားခဲ့သည်–

“ခေတ်သစ်၏ပြောင်းလဲလာသည့် သဘောအရ မြန်မာ့ရိုးရာ သဘင် ဂီတ နယ်ပယ်ထဲကို တိုင်းတစ်ပါး ယဉ်ကျေးမှုများ အတားအဆီးမဲ့ ထိုးဖောက်စိမ့်ဝင်လာနေသည့် အန္တရာယ်ကို ကြိုတင် သတိပေးကာကွယ်တားဆီးမှုများ လုပ်နေသည့်ကြားမှ ပင် အနောက်တိုင်း အဆို၊ အက၊ အတီးများသည် ဗွီစီဒီ၊ စီဒီ၊ တီဗွီ၊ အင်တာနက်နှင့် ဂြိုဟ်တုစလောင်းစသည့် အိုင်တီပစ္စည်း ကိရိယာများမှတစ်ဆင့် မြန်မြန်ဆန်ဆန် စိမ့်ဝင်ပျံ့နှံ့လာလျက် ရှိကြောင်း၊ အမှန်မှာမူ ယဉ်ကျေးမှုနယ်ပယ်၌ ရိုးရာအစဉ်အလာ ထိန်းသိမ်းမှုလုပ်ငန်းနှင့် ဆန်းသစ်တီထွင်မှုလုပ်ငန်းတို့ကို ဟန်ချက် ညီညီ လုပ်ကိုင်နိုင်စွမ်း ရှိကြရမှာဖြစ်ကြောင်း၊ ဤကဲ့သို့ လုပ်ကိုင် နိုင်ရေးကိစ္စသည်လည်း အနုပညာရှင်များ ပါဝင်သည့် ပြည်သူ တစ်ရပ်လုံးသည် မျိုးရိုးဇာတိမာန် ထက်သန်ပြီး မျိုးချစ်စိတ်ဓာတ် အားကောင်းနေရန်နှင့် စည်းရုံးညီညွတ်မှု အင်အားတောင့်တင်း ခိုင်မာနေရန် အရေးကြီးကြောင်း၊ တစ်နည်းအားဖြင့် အမျိုးသားရေး ကိုယ်ခံစွမ်းအား ကောင်းနေရန် လိုအပ်ကြောင်း”

မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပညာသည် ရှစ်ရာစု ပျူခေတ်၌ပင် အမျိုးသားမာန်၊ ကိုယ်ပိုင်ဟန်နှင့် ခိုင်မာစွာဖွံ့ဖြိုးခဲ့သည်။ ရှစ်ရာစုအကုန်တွင်နန်ချိုဘုရင် ကိုလိုဖန်သည် ပျူတို့ဒေသကို ကျူးကျော် စစ်ဆင်နွှဲခဲ့သည်။ ကိုလိုဖန်၏အရိုက်အရာဆက်ခံသော နန်ချိုဘုရင် အီမိုစူးလက်ထက်တွင် ပျူတို့ဘက်က သံအဖွဲ့စေလွှတ်ကာ ငြိမ်းချမ်းရေး ဆိုခဲ့သည်။ သံအဖွဲ့တွင်ပျူတို့၏ဂီတသုခမအက အဖွဲ့ပါဝင်ခဲ့ပြီး ထိုအဖွဲ့က နန်ချိုနန်းတွင်း၌ ဖြေဖျော်လျက် နှစ်နိုင်ငံ ငြိမ်းချမ်း ချစ်ကြည်မှုကို တည်ဆောက်ခဲ့သည်။

မြန်မာ့ခေတ်ဦး ပျူအဆို၊ အက၊ အရေး၊ အတီးပညာသည် ဤမျှအထိ စွမ်းအားပြည့်စုံခဲ့ရာပုဂံခေတ်တွင် ပိုမိုထွန်းကားစည်ပင်ခဲ့သည်။ ပျူခေတ်နှင့် ပုဂံခေတ်တွင် မြန်မာ့အဆို၊ အက၊ အရေး၊ အတီးပညာ ခိုင်မာစည်ပင်ကြောင်း ပျူခေတ်နှင့် ပုဂံခေတ်၌တည်ခဲ့သော ဘုရား၊ ပုထိုး၊ အုတ်ခွက်တို့ကသက်သေပြုထားသည်။ မြင်စိုင်း(ပင်းယခေတ်)၌မူ မြန်မာ့ အဆို၊ အက၊ အရေး၊ အတီး ပညာသည် ကျူးကျော်သူမွန်ဂိုကို တွန်းလှန်ရန်အားအင်ဖြစ်သည့် ကာချင်း–ကာကအဖြစ် ရပ်တည်ခဲ့သည်။

“ကန်းသင်းမွေမမြင်သည်လည်း၊ မမြင်သည်လည်း။ အရိုင်းမနေချင်သည်လည်း မနေချင်သည်လည်း။ ပြေးလျှင် တစ်စီး၊ မြင်းသည်လည်း” ဟူသောကာချင်းတစ်ပိုဒ်ဖြင့် ကျူးကျော်သူမွန်ဂိုတို့ လယ်တွင်း အရပ် မိုးသည်းစွာ၍ မြင်းစိုင်းတပ်နှင့် ရင်ဆိုင်ရာတွင် မွန်ဂိုတို့ တပ်ပျက် ဆုတ်ခွာရပုံအား ဖော်ကျူးထားသည်။ ကာချင်းနှင့် ကာကမှာ မြန်မာ့ ခေတ်ဦး စစ်ချီတေးနှင့် စစ်ချီအကပင်တည်း။

အင်းဝခေတ်၌မူ မြေဝိုင်းအက၊ နိပါတ်ခင်းအက၊ တစ်ပင်တိုင်အက၊ ယိမ်းအကများဖြစ်ထွန်းခဲ့ကြောင်း အင်းဝခေတ်ရေး နံရံဆေးရေးပန်းချီနှင့် ပျို့စာပေများက သက်သေပြုဖော်ပြခဲ့သည်။ **“မိသံခပင်း၊ ရွှေအိမ် တွင်းဝယ်၊ ငြင်းနှင့်မိကျောင်း၊ စောင်းအောင်းကလေး၊ ရွှေရေးပတ္တလား၊ အငြိမ့် များကို”** ဟူ၍ မုံရွေးဆရာတော်က ကုသပျို့၌ ဖွဲ့ဆိုထားပေရာ အင်းဝခေတ်တွင် ထိုင်ဆိုအငြိမ့်များထွန်းကားနေပြီဖြစ်ကြောင်း သိနိုင် ပေသည်။ တစ်ဖန် ရှင်မဟာရဋ္ဌသာရ သက္ကရာဇ် ၈၄၆ခုနှစ် ရေးသား ခဲ့သည့် ဘူရိဒတ်လင်္ကာနှင့် သံဝရပျို့တွင် အင်းဝခေတ်၌ အမြင့်သဘင်ဟု တွင်သော မြန်မာ့ရုပ်စုံသဘင် စတင်ပေါ်ပေါက်နေကြောင်း တွေ့ရပြန် သည်။

အင်းဝခေတ် မင်းသမီးများသည် အဆင့်အတန်း မြင့်မားသော ကကြိုး ကကွက်တို့ဖြင့် ဖျော်ဖြေကခုန်ခဲ့ကြကြောင်း အင်းဝခေတ်က ရေးသော သမပိုက်ပျို့တွင် တွေ့ရှိရသည်။ ထိုခေတ်၌ မြန်မာ့အက ပညာဖြစ်သော **“ခြောက်ဆယ့်လေးပါး ကခြင်းများ”** ဟူသည့် ကကွက် ၆၄မျိုး၊ မုဒြာ ၆၄ ပါး ပေါ်ပေါက်နေပြီဖြစ်ကြောင်း သမပိုက်ပျို့က ရှင်းလင်းထားပါသည်။ ယင်းတို့ကား တစ်ဖက်သတ်တည်းသော လက်ချိုးဟန် ၂၄ မျိုး၊ နှစ်ဖက်ပေါင်းစုံ ပြုလုပ်အပ်သော လက်ချိုးဟန် ၁၃ မျိုး၊ ထပ်မံဖြည့်သွင်း ပေါင်းစပ်အပ်သော လက်ချိုးဟန် ၂၇မျိုးတို့ ဖြစ်သည်။ အင်းဝခေတ်ရေး သုဝဏ္ဏသျှံ သူဌေးခန်းပျို့နှင့်တကွ အင်းဝ ခေတ်ပျို့ အချို့တို့တွင် **“ဟနုမာန်” “သီတာ”** စသော ရာမဇာတ်တော်မှ ဇာတ်ကောင်များကို ဖော်ပြထားသည်ကို တွေ့ရလေရာ ရာမဇာတ်၊ အိနောင်ဇာတ်တို့မှာ မြန်မာပြည်တွင်းသို့ ရောက်ရှိနေပြီဟု ယူဆရမည် ဖြစ်သည်။

ထို့ပြင် အင်းဝခေတ်၌ ရှင်ဘုရင်၊ မိဖုရား၊အိမ်ရှေ့မင်းနှင့် မင်းညီ မင်းသားများကို မိမိတို့ကိုယ်စီ အဆင့်အတန်းအလိုက် စည်တီးဝိုင်း တူရိယာပစ္စည်းများ ချီးမြှင့်သော ထုံးစံကို **“လောကဗျူဟာ အင်ရုံ စာတမ်း”** ၌ ဖော်ပြထားလေသည်။ အင်းဝခေတ် ရှင်ဘုရင်များ ဉယျာဉ် တော်ဖွင့် အခမ်းအနားများ၌ မြောက်စည်တီးဝိုင်း၊ စည်ဝန်းတီးဝိုင်း၊ စည်ဗြောတီးဝိုင်းဟူ၍ စည်တီးဝိုင်း သုံးဝိုင်း ပါဝင်တီးမှုတ်ကြရသည်။

နာမည်ကျော် ပြဇာတ်ဆရာကြီး ဆတိုင်မွတ် ဦးကူးကလည်း **“အောက်ငူမှ နောက်လူများကတော့ ညွန့်ရန် တွန့်သံကိုမှ ကြားချင်လို့”** ဟူသော စာသားဖြင့် ကဗျာဖွဲ့ပြီး **“လှေထိုးလိုက်ပါလို့ အသက်မွေး”** ရလောက်အောင် ဇာတ်သဘင်ခေတ် မှေးမှိန်ရပုံကိုမှတ်တမ်းတင်ခဲ့ဖူးသည်။

ရတနာပုံခေတ် မင်းတုန်းမင်းကြီးလက်ထက်တွင် အီတလီ သံများက လက်ဆောင်ဆက်သသော ပီယာနိုဖိုတီခေါ် စန္ဒရားတစ်လုံး မြန်မာနိုင်ငံကို ရောက်ရှိခဲ့သည်။ ဤကားအနောက်တိုင်း တူရိယာ နယ်ချဲ့ခြင်း အစပင်ဖြစ်သည်။ သို့သော် မင်းတုန်းမင်းကြီး လက်ထက် တွင် စန္ဒရားကို မြန်မာသံစဉ်သို့ ပြောင်းလဲတီးခတ်ခဲ့သော ဆရာညွန့်နှင့် ဆရာခန့်၊ ဆရာဦးထွန်းဖေ၊ ဘိလပ်ပြန်ဆရာကြီး ဦးချစ်ထူးတို့သည် ထိန်းသိမ်းခြင်းဟူသော မြန်မာ့ဟန်ကိုမပျက်စေဘဲ ဆန်းသစ်တီထွင် သည့်ဟန်ဖြင့် စန္ဒရားကို မြန်မာမှုပြုခဲ့သူများပင်တည်း။

ထိန်းသိမ်းခြင်းသည် “မာန်” ဖြစ်၍ဆန်းသစ် တီထွင်ခြင်းသည် “ဟန်” ဖြစ်လာသည်။ မိမိနိုင်ငံနှင့် လူမျိုး၏ခိုင်မာပြီးသော ကိုယ်ပိုင်အနုပညာ၏ နက်ရှိုင်းမှုကို သိရှိ ထိန်းသိမ်းခြင်းဟူသော ဇာတိမာန်ရှိရန် လိုအပ်ပေသည်။ မိမိ၏ ကိုယ်ပိုင်အဆို၊ အက၊ အရေး၊ အတီးပညာကို ကမ္ဘာနှင့်ရင်ပေါင်တန်းယှဉ်နိုင်ရန် ဆန်းသစ်တီထွင်ရာ၌ ကိုယ်ပိုင်ဟန် မပျက်ယွင်းအောင်လည်း သတိပြုကြရမည်ဖြစ်သည်။

မိဖုရားများ မင်းခမ်းမင်းနားဖြင့် ထွက်တော်မူလျှင် မိန်းမများတီးသော စည်တီးဝိုင်း သုံးဝိုင်း တွဲဖက်တီးမှုတ်ကြရသည်။

အင်းဝခေတ် မင်းခမ်းမင်းနားများတွင် တီးမှုတ်ရသော စည်တီးဝိုင်း များမှတစ်ဆင့် တိုးတက်လျက် ဆိုင်းတီးဝိုင်းများ ပေါ်ပေါက်လာသည်ဟု ယူဆရပေသည်။ အင်းဝခေတ်၌ မွန်ဆိုင်းနှင့် ဗမာဆိုင်းဟူ၍ နှစ်မျိုး ထွန်းကားခဲ့ကြောင်း တွေ့ရှိရသည်။

ဤသို့ဖြင့် အင်းဝခေတ်တွင် မူလက ခိုင်မာခဲ့သော မြန်မာ့အဆို၊ အက၊ အရေး၊ အတီးပညာ ဖွံ့ဖြိုးခဲ့ရာ ခက်လက်ဖြာခဲ့ပြီးနောက် ကုန်းဘောင်ခေတ်တွင် ပိုမိုတိုးတက်ခဲ့လေသည်။ ကုန်းဘောင်ခေတ်၌ မြဝတီမင်းကြီးဦးစနှင့် ပြင်စည်မင်းသားကဲ့သို့သော စွယ်စုံရချန်ပီယံ အနုပညာရှင် မြောက်မြားစွာ ပေါ်ထွန်းခဲ့သည်။ ကုန်းဘောင်ခေတ် ၁၁၂၉ ခုနှစ် ဆင်ဖြူရှင်လက်ထက်တွင် ယိုးဒယား အနုပညာသည်အချို့ ရောက်ရှိ လာပြီး ယိုးဒယားဇာတ်တော်များကို ကပြခဲ့သည်ဟု ဆိုသည်။ ဘိုးတော်ဘုရားလက်ထက် ၁၁၅၁ ခုနှစ်တွင် အဖွဲ့ဝင်ရှစ်ဦးပါသော သုခမအနုပညာ လေ့လာရေးအဖွဲ့သည် ယိုးဒယား၊ ကမ္ဘောဒီးယားနှင့် မာလာယုကျွန်းတို့ကို သွားရောက်လေ့လာခဲ့ကြသည်။

အိမ်နီးချင်းနိုင်ငံများမှ စီးဝင်လာသော အနုပညာကို မိမိတို့၏ ကိုယ်ပိုင်ဟန်မပျက်စေဘဲ တီထွင်ဆန်းသစ်သော ထိန်းသိမ်းခြင်းမာန်၊ ဆန်းသစ်ခြင်းဟန်ကို အစပြုခဲ့သည်ဟု ဆိုရပေမည်။ အဆို၊ အတီး ပါရဂူဖြစ်သော မြဝတီမင်းကြီးဦးစသည် ယိုးဒယား ၁၂ ခန်းခေါ် ယိုးဒယား သံကို မြန်မာသီချင်း မြန်မာကဟန်ဖြင့် မြန်မာမှုပြုခဲ့သည်။

သဉ်ပတ္တဇာတ်ကို တောင်ငူမြို့စား မင်းသားသတိုးဓမ္မရာဇာက လည်းကောင်း၊ ကေသာသီရိဇာတ်ကို ပဘာဝတီဘွဲ့ခံ သခင်မင်းမိက လည်းကောင်း၊ အိနောင်နှင့်ရာမဇာတ်ကို အဖွဲ့ဝင်ရှစ်ဦး စုပေါင်း၍ လည်းကောင်း မြန်မာမှုပြုခဲ့ကြလေသည်။

ရတနာပုံခေတ်ရောက်လာသောအခါ မြန်မာ့အဆို၊ အက၊ အရေး၊ အတီး ပညာသည် အလွန်အဆင့်အတန်း မြင့်လာခဲ့သည်။ ဤခေတ်မှာပင် နန်းတွင်းခန်းမဆောင်များတွင် ပွဲကြည့်ဆောင်များ ခမ်းနားစွာ တည် ဆောက်ခဲ့သည်။

သူ့ကျွန်ဘဝရောက်ရှိခဲ့သောအခါ မြန်မာ့အဆို၊ အက၊ အရေး၊ အတီး ပညာသည် နယ်ချဲ့တို့၏ လျစ်လျူရှုမှုကြောင့် နိမ့်ကျလာခဲ့သည်။ ရုပ်သေးများ၌ ဟိမဝန္တာခန်းတွင် ဘောလုံးကန်သောအရုပ်၊ အင်္ဂလိပ် မှုဆိုးရုပ်၊ ကျားရဲရုပ်၊ အင်္ဂလိပ်မရုပ်၊ သင်္ဘောရုပ်တို့ကို စင်တင်လာခဲ့သည်။

“ဆုတ်ကပ်ခါ အချိန်နှင့်တွေ့ပြီမို့ လုပ်တတ်ရာ မသိမ်မွေ့ကိုမှ ကြွေရတယ်ထင်” ဟူသော တေးအစနှင့်အတူ **“ဆုတ်ကပ်ကာလ၊ ယုတ်မြတ်ကို မဆလေဘု၊ စိတ်နာစရာအချက်၊ တဆိတ်စာမျှ မရှက်လေခြင်း၊ သိက္ခာပျက် အရူးတမျှကဲ့သို့၊ ဝိဇ္ဇာထွက် ဘီလူးက သလိုပ၊ ကျွန်မမှာဖြင့် ဒူးကြွလို့မှ မကဝံ့ပါပြီကပဲ”** ဟူသော တေးအချ အပိုဒ်ကို အငြိမ့်မင်းသမီး ဆင်ခိုးမလေး ကိုယ်တိုင်ဆိုလျက် ပါတော်မူခေတ် အငြိမ့်လောကပျက်စီးပုံကို ဖော်ထုတ်ခဲ့ဖူးသည်။

၁၉၁၃ ခုနှစ်တွင် ဂျာမနီလုပ် လက်ဆွဲဘာဂျာကို မြန်မာသံစဉ် ပြောင်းတီးသူများ ပေါ်ပေါက်လာသည်။ ၎င်းတို့မှာ ဦးဘထွန်း၊ ဦးဘကျော်၊ ဟသ်ာတဦးဘအို၊ ဦးဖိုးဦးတို့ဖြစ်သည်။ ၁၉၁၅–၁၉၁၆ ခုနှစ်များတွင် နိုင်ငံခြားတူရိယာများ မြန်မာတူရိယာကို လွှမ်းမိုးလာ သည်။ မြန်မာမှုဖြစ်သော ဆိုင်းဝိုင်းကြီးများ ပျောက်သလောက်ရှိခဲ့ရ သည်။ ဇာတ်ကပြရာ၌ ပြဇာတ်ပိုင်း(ရှေ့ပိုင်း)၌ နိုင်ငံခြားတူရိယာကို သုံးရှိ နောက်ပိုင်း ကဇာတ်အပိုင်း၌သာ မြန်မာ့ဆိုင်းဝိုင်းကို သုံးကြသည်။ သို့ရာတွင် မြန်မာ့ ဇာတ်သဘင်ကို ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မြင်ကာ ထိုခေတ်တွင် ပေါ်ပေါက်လာသော ရုပ်ရှင်၊ ဇာတ်ပြားတို့နှင့် ယှဉ်နိုင်ရန် တီထွင် ဆန်းသစ်ခဲ့သော ဇာတ်မင်းသားကြီး ဦးဖိုးစိန် အပါအဝင် မြန်မာ့ဇာတ်သဘင် ပညာရှင်များလည်း ပေါ်ထွန်းခဲ့သည်။

မျက်မှောက်ခေတ်၌မူ Globalization ဟုခေါ်သော ကမ္ဘာ့ဖြစ်စဉ် ပြောင်းလဲမှု အလျဉ်ပေါ်ပေါက်လာခဲ့ရာ နည်းပညာနှင့် ဖွံ့ဖြိုးမှုသာလွန် သော နိုင်ငံကြီးများက ၎င်းတို့နိုင်ငံနှင့် လူမျိုး၏ ယဉ်ကျေးမှုကို ဖွံ့ဖြိုးစနိုင်ငံများ၏ ယဉ်ကျေးမှုအပေါ် လွှမ်းမိုးရန် ကြိုးပမ်းလာကြ သည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံအများစုသည် မိမိတို့၏ အမျိုးသားရိုးရာ ယဉ်ကျေးမှုများကို ယိုယွင်းပျက်စီး ပျောက်ကွယ်မသွားရအောင် ကြိုးစားထိန်းသိမ်းနေကြကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံ၌လည်း အမျိုးသားရေးမဏ္ဍိုင် မယိမ်းယိုင်မပျက်စီးစေရန် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် မြန်မာ့ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နှစ်စဉ်ကျင်းပ ခဲ့ကြခြင်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်နယ်/ တိုင်းများသို့ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပညာရှင်များ စေလွှတ်၍ မျိုးဆက်သစ်တို့အား ပြုစုပျိုးထောင်ရေးကို ပြိုင်ပွဲကြီးမှ ဆောင်ရွက်ပေးခဲ့လေသည်။ ထို့ပြင် ယခုနှစ်၌ ဒေသတွင်း အဆို၊ အက၊ အရေး၊ အတီးသင်တန်းများကို ကျင်းပ၍ ပြုစုပျိုးထောင် ခဲ့ကြောင်း သိရပေသည်။

ထိန်းသိမ်းခြင်းသည် **“မာန်”** ဖြစ်၍ ဆန်းသစ်တီထွင်ခြင်းသည် **“ဟန်”** ဖြစ်လာသည်။ မိမိနိုင်ငံနှင့် လူမျိုး၏ခိုင်မာပြီးသော ကိုယ်ပိုင် အနုပညာ၏ နက်ရှိုင်းမှုကို သိရှိထိန်းသိမ်းခြင်းဟူသော ဇာတိမာန်ရှိရန် လိုအပ်ပေသည်။ မိမိ၏ ကိုယ်ပိုင်အဆို၊ အက၊ အရေး၊ အတီးပညာကို ကမ္ဘာနှင့်ရင်ပေါင်တန်းယှဉ်နိုင်ရန် ဆန်းသစ်တီထွင်ရာ၌ ကိုယ်ပိုင်ဟန် မပျက်ယွင်းအောင်လည်း သတိပြုကြရမည်ဖြစ်သည်။

ထို့ကြောင့် တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို မြန်မာတို့၏ ထိန်းသိမ်း ခြင်းမာန်၊ ဆန်းသစ် တီထွင်ခြင်းဟန် မပျက်စေဘဲ ပါဝင်ဆင်နွှဲကြပါ စို့ဟု နှိုးဆော်တင်ပြလိုက်ရပါသည်။ ။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာစေရန် စီမံကိန်း၊ အစီအမံများ ချမှတ်ပေးလျက်ရှိ
နိုင်ငံတော်၏ အစီအမံများအောင်မြင်စေရန် တာဝန်ရှိသူများနှင့် ပြည်သူများ အားသွန်ခွန်စိုက်ဆောင်ရွက်
ကျေးလက်ဖွံ့ဖြိုးရေး အကောင်အထည်ဖော်ရာတွင် ကွင်းဆင်းပြီး ပြည်သူများ၏လိုအပ်ချက် ဖြည့်ဆည်းပေး

ရန်ကုန် စက်တင်ဘာ ၁၂

ရခိုင်ပြည်နယ် စစ်တွေခရိုင် မင်းပြားမြို့တွင် ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ကျောက်တော်တပ်နယ်မှ ဗိုလ်မှူးကြီးရာပြည့်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၉ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့၏ မင်းပြားမြို့နယ် ရော်ဘာပျိုးခင်းသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များအား ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းကြည်က ရခိုင်ပြည်နယ်တွင် ရော်ဘာဧက တစ်သိန်းစိုက်ပျိုးရန် ရည်မှန်းကာ ၂၀၀၅ ခုနှစ်မှ စတင်၍ သုံးနှစ်အတွင်း ဧက ၃၀၀၀၀ စိုက်ပျိုးရန် စီမံချက်အရ ပြည်နယ်ရဲတပ်ဖွဲ့အနေဖြင့် ရော်ဘာစိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာနှင့် တိုင်းမှူးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရော်ဘာမျိုးကောင်း မျိုးသန့်စေ့များ စုဆောင်းစိုက်ပျိုးရေး၊ ကိုင်းပွားခင်းထူထောင်ရေးအတွက် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနှင့် ညှိနှိုင်းဆောင်ရွက်ရန် မှာကြားပြီး မင်းပြားမြို့နယ် ရဲတပ်ဖွဲ့၏ ရော်ဘာပျိုးဥယျာဉ်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့အနေဖြင့် မြို့နယ် ၁၇မြို့နယ်တွင် ရော်ဘာစိုက်ပျိုးရန်မြေ ၅၂၁ဧကကို ဖော်ထုတ်နိုင်ခဲ့သည်။ ၂၀၀၅ခုနှစ်၌ မြေ ၃၃ဧကတွင် ရော်ဘာပင်ပေါင်း ၆၈၁၀ စိုက်ပျိုးထားပြီး မြို့နယ် ကိုးမြို့နယ် ပျိုးခြံများ၌ ပျိုးပင် ၄၇၇၀၀ စိုက်ပျိုးထားသည်။ ထို့ပြင် မြေ ၂၀၁ ဧက၌ တောခုတ်ရှင်းလင်း၍ မြေဆီထိန်းအဖြစ် ၁၇၄ဧကတွင် ပဲစင်းငုံများ စိုက်ပျိုးထားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အမ်း-စစ်တွေကားလမ်းရှိ မင်းပြားမြို့နယ် စမ္ဘလေကျေးရွာအုပ်စု မိုးစပါးဧက ၁၀၀ စံပြစိုက်ကွက် ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံမေးမြန်းပြီး တစ်ဧက တင်း ၁၀၀ ထွက်ရှိရေးအတွက် နည်းလမ်းလေးသွယ်ဖြင့် စိုက်ပျိုးကြရန်၊ စောစောစိုက်၍ စောစောရိတ်သိမ်းရန်၊ ဒေသနှင့်ကိုက်ညီမှုရှိပြီး အထွက်ကောင်းသည့် စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးကြရန်နှင့် ရွှေရင်အေးစပါးကိုလည်း စမ်းသပ်တိုးချဲ့စိုက်ပျိုးကြရန် ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နံနက် ၈နာရီ မိနစ် ၅၀ တွင် မင်းပြားမြို့သို့ရောက်ရှိကြပြီး ရာမောင်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများ၊ မြို့မီးလင်းရေးကော်မတီ၊ ရေယာဉ်အသင်း၊ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ ဆန်ကုန်သည်များအသင်းနှင့် လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှာကြားသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာစေရန် အဓိကလိုအပ်ချက်ဖြစ်သော နယ်မြေ အေးချမ်းသာယာပြီး တည်ငြိမ်မှုရှိစေရေး၊ စီးပွားရေးကောင်းမွန်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးတို့အတွက် နိုင်ငံတော်က လိုအပ်သည့်စီမံကိန်းများ၊ အစီအမံများကို ချမှတ်ပေးလျက်ရှိကြောင်း၊ အထူးသဖြင့် ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် အခြေခံအဆောက်အအုံများကို ကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်၏ အစီအမံများအောင်မြင်စေရန် မင်းပြားမြို့နယ်မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ အထူးသဖြင့် အခြေခံစီးပွားရေးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ပူးပေါင်းကြိုးပမ်း

နိုင်ငံတော်က သတ်မှတ်ပေးထားသည့် အဓိကသီးနှံ ၁၀မျိုး၊ ဒေသတွင် ဖြစ်ထွန်းအောင်မြင်မည့် အခြားသီးနှံများ၊ နှစ်ရှည်ပင်အနေဖြင့် ရော်ဘာ၊ အမယ်သစ်သီးနှံအနေဖြင့် ငရုတ်ကောင်းတို့ကို တိုးချဲ့နိုင်သမျှ တိုးချဲ့စိုက်ပျိုးရန်၊ မွေးမြူရေးတွင် ရေငန်ပုစွန်မွေးမြူရေးနှင့် ဒေသကြက်မွေးမြူရေးကို တိုးချဲ့ဆောင်ရွက်ရန်လိုကြောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ခြေအထိ ကွင်းဆင်းကာ ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ မင်းပြားမြို့ သာယာလှပရေးကို ဒေသခံပြည်သူများနှင့်အတူ တက်ညီလက်ညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့်ပြောကြားကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မင်းပြားမြို့နယ်အတွင်း ၂၀၀၅-၂၀၀၆ ခုနှစ် မိုးစပါး ၈၅၈၃၃ ဧကစိုက်ပျိုးရန် လျာထားရာ ၈၅၆၈၅ဧက စိုက်ပျိုးပြီးစီးပြီးဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ အမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ရော်ဘာပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အမယ်သစ်သီးနှံဖြစ်သည့် ငရုတ်ကောင်းကို ၃၃၃ ဒသမ ၂၉ ဧကတွင် အပင်ပေါင်း ၃၀၄၄၃၄ စိုက်ပျိုးထားရှိပြီး ဆက်လက်တိုးချဲ့စိုက်ပျိုးရန်အတွက် ၂၀၀၅-၂၀၀၆ ခုနှစ်၌ ငရုတ်ကောင်း ပျိုးပင် ၃၀၃၀၀၀ကို စိုက်ပျိုးထားသည်။

နှစ်ရှည်သီးနှံဖြစ်သည့် ရော်ဘာကို ၅၈၅ ဧကစိုက်ပျိုးထားရှိပြီး ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ကျေးရွာအုပ်စု ၁၁ခု၌ ဧက ၃၅၀ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ရော်ဘာစေ့ ၁၃၀၅၀၀ ပျိုးထောင်ထားရှိသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မင်းပြားမြို့ရှိ မြတ်ဗုဒ္ဓရှင်တော်မြတ်၏ ဓိဗ္ဗာဓာတ်တော် ကိန်းဝပ်တော်မူရာ ကျိန်းတောင်စေတီတော်အား သွားရောက်ဖူးမြော်ကြပြီး စေတီတော်ရင်ပြင်နှင့် ပရိဝုဏ်တို့မှနေ၍ မင်းပြား-ပေါက်တောကားလမ်း၊ ရာမောင်မြစ်၏ ရေစီးဆင်းမှု၊ စပါးစိုက်ခင်းများ၊ သောက်သုံးရေကန်များနှင့် မင်းပြားမြို့၏ အကွက်ချပုံနှင့် သာယာလှပမှုတို့ကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွာပြင် ကျေးရွာအုပ်စုရှိ တစ်မိုးနှစ်သီးစိုက်ပျိုးမည့် ဧက ၆၀စပါးစိုက်ခင်းသို့ ရောက်ရှိကြပြီး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသည့် ရတနာအောင် ပထမသီးစပါးခင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တစ်မိုးနှစ်သီးစိုက်ပျိုးရာတွင် ပထမသီးဖြစ်သည့် စပါးများကို အချိန်မီရိတ်သိမ်း၍ ဒုတိယသီးစိုက်ပျိုးရာ၌ အထွက်ကောင်းစပါးမျိုးများကိုသာ ရွေးချယ် စိုက်ပျိုးကြရေး တာဝန်ရှိသူများအား မှာကြားသည်။

ရခိုင်ပြည်နယ်အတွင်း မိုးစပါးဧက ၁၁သိန်း ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်တစ်ခုလုံးအနေဖြင့် ဧက၁၀၉၅၀၀၀ခန့် စိုက်ပျိုးပြီးဖြစ်၍ ဧက ၅၀၀၀ခန့်သာ စိုက်ပျိုးရန်ကျန်ရှိနေပြီး ကျန်ရှိသောဧကများအတွက် ရေကျနောက်စိုက်နှင့် တစ်မိုးနှစ်သီးစပါးစိုက်ပျိုးခြင်းဖြင့် ရခိုင်ပြည်နယ်၏ ၂၀၀၅-၂၀၀၆ ခုနှစ် မိုးစပါးဧက ၁၁သိန်းလျာထားချက် ပြည့်မီမည်ဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မင်းပြားမြို့နယ် ကမ်းနီကျေးရွာအရှေ့ဘက် လေးမိုင်ခန့်အကွာတွင် တည်ရှိသည့် ကြက်တက်ဆည်သို့ရောက်ရှိကြပြီး ဆည်အတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားနိုင်မှုနှင့် ရေပိုလွှဲတို့ကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီတွင် မင်းပြားတပ်နယ် ကမ်းနီနယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး တပ်ရင်းခန်းမ၌ တပ်မတော်သားများနှင့် မိသားစုဝင်များအားတွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် သက်သာချောင်ချိရေးကိစ္စရပ်များနှင့် လိုအပ်သည်များကို တာဝန်ရှိသူအဆင့်ဆင့်တို့က ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးနှင့် တပ်တွင်း သန့်ရှင်းသာယာလှပစေရေးတို့ကို မှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အမ်း-စစ်တွေလမ်း မိုင်တိုင် အမှတ်(၅၃/၀)ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်-စစ်တွေ လမ်းအပိုင်း(၂) ယောချောင်း-မြောင်းဘွေ အပိုင်းရှိ ယောချောင်း တံတားကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခရီးသည်နှင့် မော်တော်ယာဉ်များ အန္တရာယ်ကင်းစွာ ရာသီမရွေး လုံခြုံချောမွေ့စွာသွားလာနိုင်ရေးအတွက် တံတားကြီးကြံ့ခိုင်မှုကို တာဝန်ရှိသူများက အစဉ်မပြတ်ကြည့်ရှုစစ်ဆေးပြုပြင်ရန် တာဝန်ရှိသူများအား မှာကြားသည်။

စမ်းသပ်စိုက်ပျိုး

စက်တင်ဘာ ၁၁ရက် နံနက်ပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် အမ်းမြို့နယ် အမ်းတောင်ဘက်ကျေးရွာအုပ်စုရှိ မီးလောင်ကျွန်းကွင်းနှင့် တရုးပေါက်ကျေးရွာမှ တောင်သူများ စိုက်ပျိုးထားသည့် မိုးစပါးစံပြကွက် ဧက ၁၀၀စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းကာ တစ်ဧက တင်း ၁၀၀ကျော်ထွက်ရှိသည့် ရွှေရင်အေး စပါးမျိုးကို တိုးချဲ့စမ်းသပ်စိုက်ပျိုးကြရေး မှာကြားသည်။

အမ်းမြို့နယ်တွင် ၂၀၀၅-၂၀၀၆ ခုနှစ် မိုးစပါးဧက ၄၄၁၀၀ စိုက်ပျိုးရန် လျာထားချက်ရှိရာ ယခုအခါ လျာထားချက်ထက်ကျော်လွန်၍ မိုးစပါး ၄၄၁၀၈ ဧက စိုက်ပျိုးပြီးဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ရော်ဘာပျိုးဥယျာဉ်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မြန်မာ့နှစ်ရှည်ပင် လုပ်ငန်းက ရခိုင်ပြည်နယ်အမ်းမြို့နယ်အတွက် ရော်ဘာပျိုးပင် ၁၆၀၀၀၀ ပျိုးထောင်ထားရှိသည်။

ဖြတ်သန်းကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အဖွဲ့ဝင်များသည် မင်းဘူး-အမ်း လမ်းအပိုင်း မိုးတွင်းကာလ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြည်မြို့သို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာလာရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

အေးချမ်းမှု အပြည့်အဝမရှိသေးသည့်အတွက် ဖွံ့ဖြိုးမှုအခြေခံကောင်းများ ပြည့်ပြည့်ဝဝ အသုံးမချနိုင်သေး
ပြည်နယ်တစ်ခုလုံး ပြည့်ပြည့်ဝဝ အေးချမ်းသာယာလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

❖ ရှေ့ဖုံးမှ

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးလုပ်ငန်းစဉ်များတွင် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရေး၊ အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသည့် ခေတ်မီတပ်မတော် တည်ဆောက်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော် ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ အကျယ်တဝင့်ရှင်းလင်းမှာကြားပြီး တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်များနှင့် စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တွေ့ဆုံဆွေးနွေးမှာကြား

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လွိုင်ကော်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းများ တိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု၊ ကယားပြည်နယ် အတွင်းလယ်မြေ၊ ယာမြေ၊ ကုန်းမြင့်ယာမြေနှင့် ဥယျာဉ်ခြံမြေဖော်ထုတ်၍ မြေယာအသုံးချနိုင်မှု၊ ဒေသအတွင်း စိုက်ဧက တစ်သိန်းပြည့်မီရေးအတွက် ပံ့ပိုးဆောင်ရွက်နေမှု၊ သမားရိုးကျအားဖြင့် ဝင်ငွေကောင်းသီးနှံဖြစ်ပြီး ပြည်နယ်၏ရေမြေသဘာဝနှင့် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် လက်ဖက်၊ ကော်ဖီ၊ ငရုတ်ကောင်း၊ ရော်ဘာ၊ သစ်ခွ စိုက်ပျိုးရေးနှင့် ပံ့ပိုးဆောင်ရွက်ပေးမည့်အခြေအနေများနှင့် ဒေသအတွင်းရှိနေသည့် အခြေခံကောင်းများကို အကျိုးရှိရှိ အသုံးချသွားကြရေး ရှင်းလင်းတင်ပြသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ခေတ်မီနိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် အဓိကတာဝန်ယူကြမည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိရာတွင် ပြည်နယ်နှင့်တိုင်းအားလုံးတွင် နေထိုင်လျက်ရှိကြသည့် လူငယ်လူရွယ်အားလုံး သိပ္ပံနှင့်နည်းပညာရပ်များ သင်ယူနိုင်ရေးအတွက် နိုင်ငံတော်က ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေးအတွက် ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များ၊ ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ပြည်နယ်နှင့်တိုင်းအားလုံးရှိ လူငယ်လူရွယ်များ အခြေခံပညာနှင့် အဆင့်မြင့်ပညာရပ်များကို မိမိတို့ဒေသအတွင်း၌ပင် လွယ်လွယ်ကူကူ သင်ယူနိုင်ရန် နိုင်ငံတော်က ဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ သက်ကြီး စာတတ်မြောက်ရေးနှင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေး လှုပ်ရှားမှုများ၊ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ကယားပြည်နယ်အတွင်း စာတိုက်များ၊ ကြေးနန်းစခန်းများ၊ တယ်လီဖုန်းအိတ်ချိန်းများ ထူထောင်လျက် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများကို ခေတ်မီဆက်သွယ်ရေးစနစ်များ အသုံးပြုဆောင်ရွက်ပေးနေမှု အခြေအနေများ၊ တပ်မံတိုးချဲ့သွားမည့် ဆက်သွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေက ကယားပြည်နယ်၏ ဒေသဆိုင်ရာအချက်အလက်များ၊ ကယားပြည်နယ်တစ်ခုလုံးတွင် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် မိုးစပါး ၁၀၀၄၃၃ ဧက စိုက်ပျိုးရန် လျာထားသည့်အနက် ဩဂုတ်လကုန်အထိ ၉၆၉၆၃ ဧက၊ အဓိကသီးနှံ ၁၀မျိုး၏ ယခုနှစ်စိုက်ပျိုးရာသီတွင် စိုက်ဧက ၁၄၀၃၄၀ လျာထားသည့်အနက် ဧက ၁၅၁၂၈၀ စိုက်ပျိုးပြီးဖြစ်ပါကြောင်း၊ အထူးအထွက်ကောင်း ရွှေရင်အေးစပါးဧက ၁၄၅၀၀ စိုက်ပျိုးရန် လျာထားသည့်အနက် ဩဂုတ်လကုန်အထိ ၁၅၀၁၅ဧက ပျိုးထောင်ပြီး ၁၄၈၂၅ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ၂၀၀၅-၂၀၀၆ခုနှစ်တွင် ဒေသဝမ်းစာဖူလုံမှု ၁၂၄ဒသမ ၂၈ရာခိုင်နှုန်းရရှိအောင် ကြိုးပမ်းလျက်ရှိပါကြောင်း ပဏာမရှင်းလင်းတင်ပြပြီး ဒေသ၏ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လွိုင်ကော်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးအမှာစကား ပြောကြားရာတွင် မိမိနှင့်အတူ ဒေသတာဝန်ခံနှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများပါဝင်သည့် အဖွဲ့သည် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ယမန်နေ့က လွိုင်ကော်တက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ထို့ပြင် အစိုးရနည်းပညာကောလိပ်နှင့် ကွန်ပျူတာကောလိပ်များ တည်ဆောက်ရန် သင့်တော်မည့် မြေနေရာများကိုလည်း ကြည့်ရှုလေ့လာခဲ့ကြကြောင်း၊ လွိုင်ကော်တက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းမှာ ပြီးစီးတော့မည်ဖြစ်၍ လွိုင်ကော်မြို့၏ ကျက်သရေဆောင် ခံ့ညားထည်ဝါသည့် အဆောက်အအုံတစ်ခုအဖြစ် မကြာမီ ပေါ်ပေါက်လာတော့မည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးရေးစီမံကိန်းများ

နိုင်ငံတော်အစိုးရက တောင်ပေါ်မြေပြန့်မကျန် တစ်နိုင်ငံလုံး လွှမ်းခြုံပြီး မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာစေရအောင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ကယားပြည်နယ်အတွင်း တိုင်းရင်းသားများ ရှေးပဝေသ...
ပြည်ထောင်စုငယ်များ ပေါင်းစည်းပြီး ပြည်ထော...

နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းမှုများရရှိလာသည့်အတွက် အဆိုပါဒေသများ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများနှင့်အတူ လူနေမှုအဆင့်အတန်း မြင့်မားလာပြီး စိတ်ပိုင်းဆိုင်ရာတိုးတက်မြင့်မားလာစေရအောင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ခဲ့ရာ ယနေ့ဆိုလျှင် နယ်စပ်ဒေသများတွင် မြို့ပြကြီးများဖြင့် တစ်ဟုန်ထိုး ဖွံ့ဖြိုးလာပြီး ထိုဒေသနေ တိုင်းရင်းသားများမှာလည်း မိမိတို့၏ လူမှုစီးပွားရေးလုပ်ငန်းများကို တည်ငြိမ်အေးချမ်းစွာ ဆောင်ရွက်နေနိုင်ကြပြီဖြစ်ကြောင်း။

ထို့နောက် ပြည်နယ်နှင့် တိုင်းအားလုံးရှိနေရာဒေသများ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်း ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လွိုင်ကော်ဒေသသည်လည်း ဖွံ့ဖြိုးရေးအထူးဒေသကြီးတစ်ခုအဖြစ် ပါဝင်ခဲ့ကြောင်း။

ထည့်သွင်းတည်ထောင်

အဆိုပါဖွံ့ဖြိုးရေးအထူးဒေသကြီးတစ်ခုစီတွင် အစိုးရနည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်၊ တက္ကသိုလ်နှင့် ခုတင် ၂၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံတစ်ခုစီ ထည့်သွင်းတည်ထောင်ပေးခဲ့ကြောင်း။

ပြည်နယ်နှင့် တိုင်းများအတွင်း ပညာရေးကဏ္ဍ တိုးတက်လာစေရအောင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး ဒေသနေ လူငယ်လူရွယ်များ အခြေခံပညာနှင့် အဆင့်မြင့်ပညာရပ်များကို တစ်ဆက်တစ်စပ်တည်း မိမိဒေသအတွင်းမှာပင် လွယ်လွယ်ကူကူ သင်ယူနိုင်စေရန် စီမံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍအနေဖြင့်လည်း ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဆေးရုံများ၊ တိုက်နယ် ဆေးရုံများ၊ တိုင်းရင်းဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဤသို့ဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ကျေးလက်ဖွံ့ဖြိုးရေး

ထို့ပြင် နိုင်ငံတော်၏ လူဦးရေအများစုနေထိုင်ရာ ကျေးလက်ဒေသများ အလျင်အမြန် ဖွံ့ဖြိုးလာစေရအောင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းချမှတ်ပြီး ကျေးလက်ဒေသနေ ပြည်သူများ ပညာရေး၊ ကျန်းမာရေး အဆင့်မြင့်မားလာအောင်၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာအောင်၊ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေရရှိအောင်၊ ကျေးလက်ဒေသ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဤကဲ့သို့ စီမံကိန်းသုံးရပ်ချမှတ်ပြီး စီမံကိန်းတ...
အကောင်အထည်ဖော်မှုကြောင့် နယ်စပ်ဒေသ၊ ...
ကျေးလက်ဒေသပါမကျန် တစ်နိုင်ငံလုံးအတိုင်းအတာ...
နေသည်ကို ယနေ့ ထင်ထင်ရှားရှား တွေ့မြင်ကြရ...

အခြေခံကောင်းများပြည့်စုံ

ကယားပြည်နယ်အနေဖြင့် အသုံးချနိုင်သည့် ...
ရာသီဥတုအနေဖြင့်လည်း သင့်တင့်ကောင်းမွန်မှုရှိကြော...
ရေးအနေဖြင့် ရထားလမ်း၊ ကားလမ်းနှင့် လေယာဉ်...
သွားလာနိုင်ကြောင်း၊ ကျွန်း၊ ပျဉ်းကတိုး၊ ဓာတ်သတ္တု...
ထွက်ရှိရာ ဒေသလည်းဖြစ်ကြောင်း၊ ပြည်သူတစ်...

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေး

❒ အမျိုးသားညီလာခံကြီးမှ ပြည်သူအများ လိုလားတောင့်တသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများ ရရှိအောင် လူထုလူတန်းစားအလွှာစုံမှ ကိုယ်စားလှယ် ၁၀၀၀ကျော်တို့ ညှိနှိုင်း တိုင်ပင် ဆွေးနွေးကြလျက်ရှိ

❒ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှု ဓလေ့စရိုက်များနှင့် ဆီလျော်ညီညွတ်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေ။

ပြည်နယ်နှင့် နိုင်ငံတော်အတွက်ပါ စီးပွားရေး ကောင်းမွန်ဖြစ်ထွန်းနိုင်သည့် အခြေခံကောင်းများနှင့် ပြည့်စုံသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း။

သို့သော်လည်း ပြည်နယ်၏ အစွန်အဖျားဒေသအချို့တွင် အေးချမ်းမှု အပြည့်အဝမရှိသေးသည့်အတွက် ဖွံ့ဖြိုးမှုအခြေခံကောင်းများကို ပြည့်ပြည့်ဝဝ အသုံးချနိုင်ခြင်း မရှိသေးကြောင်း၊ ထို့ကြောင့် ပြည်နယ်တစ်ခုလုံး ပြည့်ပြည့်ဝဝ အေးချမ်းသာယာလာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

လူမျိုးစွဲ၊ ဝါဒစွဲများ ပယ်ဖျောက်

မိမိတို့ညီနောင်အချင်းချင်း လူမျိုးစွဲ၊ ဝါဒစွဲဖြင့် လက်နက်စွဲကိုင်ပြီး တိုက်ခိုက်လာခဲ့ကြသည်မှာ လွတ်လပ်ရေးရပြီးကတည်းကပင် ဖြစ်ကြောင်း၊ ယနေ့ (၂၁)ရာစုခေတ်တွင် အတိုင်းအဆမရှိ ဖွံ့ဖြိုးတိုးတက်လာသည့် သတင်းနှင့်ဆက်သွယ်ရေး နည်းပညာရပ်များကြောင့် ကမ္ဘာကြီးသည်ပင်လျှင် ရွာကြီးတစ်ရွာအသွင်ဖြင့် ကျဉ်းမြောင်းလာခဲ့ပြီဖြစ်ကြောင်း၊ လက်ရှိ ဖြစ်ပေါ်ပြောင်းလဲနေသည့် အချိန်အခါနှင့်အညီ လူမျိုးစွဲ၊ ဝါဒစွဲများကို ပယ်ဖျောက်ပြီး အတွေးသစ်၊ အမြင်သစ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံပြီး ရှုမြင်သွားရန် လိုအပ်လာပြီဖြစ်ကြောင်း။

ကယားပြည်နယ်အတွင်းမှာပင် ကယား၊ ကယန်း၊ ပအိုဝ်း၊ မွန်၊ ဗမာ၊ ရှမ်း စသည့် တိုင်းရင်းသားများ ရှေးပဝေသဏီကပင် စုစည်းနေထိုင်လာကြခဲ့ကြသည့်အတွက် ပြည်ထောင်စုအသွင် ဖြစ်တည်လျက်ရှိနေကြောင်း၊ အလားတူပင် အခြားသော ပြည်နယ်နှင့်တိုင်းတစ်ခုစီတွင်လည်း တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်လျက်ရှိနေသည့်အတွက် ပြည်ထောင်စုကလေးများပင် ဖြစ်ပါကြောင်း၊ ဤပြည်ထောင်စုငယ်များကိုပေါင်းစည်းပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအဖြစ် ရှေးနှစ်ပေါင်းများစွာကပင် ဖြစ်တည်လာခဲ့ခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်

ထို့ကြောင့် ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် ဒီမိုကရေစီအသွင် ကူးပြောင်းရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး ပထမဆုံးနှင့် အရေးအကြီးဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိကြောင်း၊ အဆိုပါ အမျိုးသားညီလာခံကြီးမှ ပြည်သူအများ လိုလားတောင့်တသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ

တိုင်းရင်းသားများ ရှေးပဝေသဏီကပင် စုစည်းနေထိုင်ခဲ့ကြသည့်အတွက် ပြည်ထောင်စုအသွင် ဖြစ်တည်နေ ပေါင်းစည်းပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအဖြစ် ရှေးနှစ်ပေါင်းများစွာကပင် ဖြစ်တည်ခဲ့

ဤကဲ့သို့ စီမံကိန်းသုံးရပ်ချမှတ်ပြီး စီမံကိန်းတစ်ခုနှင့်တစ်ခု ချိတ်ဆက် အကောင်အထည်ဖော်မှုကြောင့် နယ်စပ်ဒေသ၊ တောင်ပေါ်မြေပြန့်နှင့် ကျေးလက်ဒေသပါမကျန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာနေသည်ကို ယနေ့ ထင်ထင်ရှားရှား တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

အခြေခံကောင်းများပြည့်စုံ

ကယားပြည်နယ်အနေဖြင့် အသုံးချနိုင်သည့် မြေယာများစွာကျန်နေပြီး ရာသီဥတုအနေဖြင့်လည်း သင့်တင့်ကောင်းမွန်မှုရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ရထားလမ်း၊ ကားလမ်းနှင့် လေယာဉ်လမ်းများဖြင့် ဆက်သွယ်သွားလာနိုင်ကြောင်း၊ ကျွန်း၊ ပျဉ်းကတိုး၊ ဓာတ်သတ္တု စသည့် သယံဇာတများ ထွက်ရှိရာ ဒေသလည်းဖြစ်ကြောင်း၊ ပြည်သူတစ်ဦးချင်းအတွက်သာမက ရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူများရရှိအောင် လူထုလူတန်းစားအလွှာစုံမှ ကိုယ်စားလှယ် ၁၀၀၀ ကျော်တို့ ညှိနှိုင်းတိုင်ပင် ဆွေးနွေးကြလျက်ရှိကြောင်း၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှု ဓလေ့စရိုက်များနှင့် ဆီလျော်ညီညွတ်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တောင်ကြီးမြို့၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံဆွေးနွေး မှာကြားစဉ်။

(သတင်းစဉ်)

မိမိတို့ဒေသ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေး၊ စည်းကမ်းပြည့်ဝသည့် ခေတ်မီဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးတို့အတွက် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အခြေခံဖြင့် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ အတူတကွ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင်အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် တပ်မတော်လေယာဉ်ဖြင့် လွိုင်ကော်မြို့မှ ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁)၏ ခရီးစဉ်တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါလာကြသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ အတွင်းရေးမှူး ဦးသိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးသိန်းညွန့်နှင့် ဦးသိန်းအောင်တို့သည် စက်တင်ဘာ ၉ ရက် ည ၉နာရီတွင် တောင်ကြီးမြို့ရှိ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ယင်းသို့တွေ့ဆုံရာတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်လင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ အတွင်းရေးမှူး ဦးသိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးသိန်းညွန့်နှင့် ဦးသိန်းအောင်တို့က ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဒေသနေ ပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်သွားကြရေး အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ အတွင်းရေးမှူး ဦးသိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးသိန်းညွန့်နှင့် ဦးသိန်းအောင်တို့သည် စက်တင်ဘာ ၁၀ရက် ည ၈ နာရီတွင် လွိုင်ကော်မြို့ရှိ ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အခြားသော လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရေး ဆွေးနွေးမှာကြားကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃-၉-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ ပုလင်းရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ **အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)**
- ၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ အက
- ၅:၁၀ ၆။ ၂၀၀၅ခုနှစ် တေရှသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (ပညာရှင်အဆင့်) (အမျိုးသား/အမျိုးသမီး)
- ၅:၂၀ ၇။ ခံစားနားဝင်တေးဓာတ်ဝင်
- ၅:၃၀ ၈။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၅:၄၀ ၉။ ဆိုကြမယ်ပျော်ကြမယ်
- ၆:၁၅ ၁၀။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ “ရယ်ရှွင်ဆော့ပြေး ပုရွက်ဆိတ်လေး” (အပိုင်း-၂၂)**
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရွှေးနီမလေး၏ ချစ်ပုံပြင်” (အပိုင်း-၂၂)**
- ၇:၃၅ ၁၄။ ကြေးမုံရုပ်သွင်တေးနှယဉ်
- ၇:၄၅ ၁၅။ **(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအာကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (မြား)**
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သောနေခြည်” (အပိုင်း-၁၂)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

❀ ကျောဖုံးမှ

တစ်နိုင်တစ်ပိုင် စက်မှုလုပ်ငန်းများ ထူထောင်ပေးရေး၊ ရေမီးလိုအပ်ချက်များ စီမံဆောင်ရွက်ရေးအပိုင်းနှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က ဆောင်ရွက်နေသော စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွား ဖြစ်ထွန်းအောင် ဆောင်ရွက်ရေးအပိုင်းတို့ကို ဝိုင်းဝန်း ဆွေးနွေးသွားကြရန် ဖြစ်ကြောင်း၊ ထို့ကြောင့် အစည်းအဝေးတက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဝိုင်းဝန်း ဆွေးနွေးကြပြီး မိမိတို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ တိုးတက်ရာတိုးတက်ကြောင်း အကြံဉာဏ်ကောင်းများပေးကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်း

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးချုပ်ဘုန်းဆွေက ဗဟိုစည်းရုံးရေးကော်မတီ၏ (၄/၂၀၀၅)အကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားတင်ပြပြီး ယခုကျင်းပသော (၅/၂၀၀၅) အကြိမ်မြောက် အစည်းအဝေးသို့ ဗဟိုစည်းရုံးရေးကော်မတီ၏ အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ သက်သာချောင်ချိရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေများကို ကဏ္ဍအလိုက် အသေးစိတ် ရှင်းလင်းတင်ပြသည်။

တင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ၏ လုပ်ငန်းတာဝန်ကြီးငါးရပ်နှင့်ပတ်သက်၍ ဆောင်ရွက်နိုင်မှုများကို အဖွဲ့ခေါင်းဆောင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စီးပွားရေးဦးဆောင်ကော်မတီက ဖွဲ့စည်းထားသော လုပ်ငန်းအလိုက် အဖွဲ့များဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းအဖွဲ့၊ မွေးမြူရေးလုပ်ငန်းအဖွဲ့၊ ဝန်ဆောင်မှုလုပ်ငန်းအဖွဲ့၊ ကုန်သွယ်မှုလုပ်ငန်းအဖွဲ့နှင့် စက်မှုလက်မှု လုပ်ငန်းအဖွဲ့တို့မှ လုပ်ငန်းအလိုက် တာဝန်ခံများက လုပ်ငန်း ဆောင်ရွက်မှုနှင့်ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ တက်ရောက်လာကြသော ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်း (အငြိမ်းစား)နှင့်ကော်မတီဝင်များက ရှင်းလင်းတင်ပြချက်များအပေါ် အကြံပြုဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်းတင်ပြချက်များနှင့် ဆွေးနွေးချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ ပုံမှန်အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး မြန်မာ့တပ်မတော်သေနတ်ပစ် အသင်းအား ကြိုဆိုနှုတ်ဆက်

ရန်ကုန် စက်တင်ဘာ ၁၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးသည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဒါရူဆလမ်မြို့၌ ကျင်းပခဲ့သည့် (၁၅)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော် (ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သော တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)မှ ဒုတိယဗိုလ်မှူးကြီးအေးသောင်း ခေါင်းဆောင်သည့် မြန်မာ့တပ်မတော်သေနတ်ပစ်အသင်းအား ယနေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံ လေတပ်စခန်း ဌာနချုပ်တွင် ကြိုဆိုနှုတ်ဆက်သည်။

ကြိုဆိုနှုတ်ဆက်

ယင်းသို့ ကြိုဆိုနှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့်အတူ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့် တပ်မတော်အရာရှိကြီးများလည်း ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဒါရူဆလမ်မြို့၌ ကျင်းပသည့် (၁၅)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မြန်မာ့တပ်မတော် သေနတ်ပစ်အသင်းအား ရန်ကုန်မြို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃–၉–၂၀၀၅ (အင်္ဂါနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ တေးဂီတအစီအစဉ်
၇း၁၀ အမှတ်(၁)လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ (ဆင်တဲ)
၇း၂၀ တေးဂီတအစီအစဉ်
၇း၂၅ ပြည်တွင်းသတင်းအကျဉ်း
၇း၃၀ (၂၃)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုအားကစားအဖွဲ့ချုပ်များ၏ ကြိုတင်ပြင်ဆင်မှုများ (ဂူရှူး)
၇း၅၀ တေးဂီတအစီအစဉ်
၇း၅၅ ပြည်သူ့အတွက်ကျန်းမာရေး (အရိုးကျီးပေါင်းတက်ရောဂါ မေးမြန်းခန်း)
၈း၀၅ နိုင်ငံတကာသတင်းအကျဉ်း
၈း၁၀ မြေလွှာကိုဖွင့်ပြည်ကိုမြှင့်အံ့ (အပိုင်း–၁)
၈း၂၀ တေးဂီတအစီအစဉ်
၈း၂၅ Sunday Talk
၉း၂၀ ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ မိုးလေဝသခန့်မှန်းချက်
၉း၃၀ ပေါင်းစုအင်အားအခြေခံ သမဝါယမအားမာန်
၉း၄၀ တေးဂီတအစီအစဉ်
၉း၄၅ လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
၁၀း၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅ တေးဂီတအစီအစဉ်
၁၀း၃၀ လိုက်နာကြပါ
၁၀း၃၅ ဖြည့်ဆည်းအားပေးကလေးနှင့် လူငယ်စောင့်ရှောက်ရေး
၁၀း၄၅ တေးဂီတအစီအစဉ်
၁၀း၅၀ Learning English(Cars)
၁၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ လေးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၁၀း၀၀ **Newcastle-Fulham**
လိုင်း 5-Cartoons(Delay)

ပညာရေးဝန်ကြီးဒေါက်တာချမ်းငြိမ်း ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၂

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဦးဝင်းက ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်နှင့် စပ်လျဉ်းသည့် သင်ကြားရေး၊ စီမံခန့်ခွဲရေး၊ သုတေသနလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ အားကစားပြိုင်ပွဲများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပါမောက္ခဌာနမှူးများက မိမိတို့ဌာနအလိုက် ဆရာ၊ ဆရာမ ဦးရေ၊ ကျောင်းသား၊ ကျောင်းသူ ဦးရေနှင့် ဌာနအလိုက် ဆောင်ရွက်နေသည့် သုတေသန လုပ်ငန်းများကို တင်ပြကြသည်။

အလေးထား

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီးက ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ ဌာနမှူးများအား ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားအောင် ဆောင်ရွက်ရန်၊ သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာအဆင့်မီအောင် ဆောင်ရွက်ရန်၊ သင်ထောက်ကူပစ္စည်းများ အပြည့်အဝ အသုံးချရန်၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စည်းကမ်းနှင့် စိတ်ဓာတ်ကောင်းမွန် ရေးဆောင်ရွက်ကြရန်၊ နိုင်ငံတော်အတွက် အကျိုးရှိသည့် သုတေသနလုပ်ငန်းများကို အလေးထား ဆောင်ရွက်ကြရန်မှာကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီးသည် အင်္ဂလိပ်စာဌာန၊ ရုက္ခဗေဒဌာန၊ သတ္တဗေဒဌာနနှင့် ဓာတုဗေဒဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံ၍ ပညာရည်မြင့်မားရေး အလေးထားဆောင်ရွက်ရန် မှာကြားကာ ဘောလုံးကွင်းနှင့် တည်ဆောက် ပြီးစီးနေပြီဖြစ်သော သုံးထပ်စာသင်ဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ပညာရေး)

ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်နှင့် အလှူငွေများ လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်နှင့် အလှူငွေများ(သတ္တမအကြိမ်) လှူဒါန်းပွဲအခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ စက်တင်ဘာ ၇ရက်တွင် ကျင်းပခဲ့သည်။ အဆိုပါ လှူဒါန်းပွဲသို့ ထပ်မံလှူဒါန်း လာသော အလှူရှင်များမှာ ဦးဝင်းဖေ–ဒေါ်အေးအေးမြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)က ငွေကျပ်တစ်သောင်း၊ ဦးစိန်ဝင်း(ပုဇွန်တောင်မြို့နယ်)က ငွေကျပ်တစ်သောင်း၊ မစုစန္ဒီအောင်(အထက–၂၊ လသာ)၊ မဖြူနှင်းထက်(I.L.B.C)တို့က ငွေကျပ်ငါးထောင်၊ ဦးလှရွှေ မင်္ဂလာတောင်ညွန့်မြို့နယ်က ငွေကျပ်သုံးထောင်နှင့် ဘာသာရေးစာစောင် ၃၆စောင်၊ မင်းကောင်းထက်ကိုကို (I.L.B.C)(KG.A)သုမင်္ဂလာ၊ မအိဒါလီကိုကို (I.L.B.C) (Secondary-3)မောင်နှမနှစ်ဦးက မဂ္ဂဇင်း၊ ဂျာနယ်နှင့်ရုပ်ပြစာအုပ် ၄၄၉အုပ်၊ ဒေါ်လှိုင် ကမာရွတ်မြို့နယ်က မဂ္ဂဇင်းနှင့် ဂျာနယ်စုံ ၂၁၆စောင်၊ ဒေါ်စုစုရည် လမ်းမတော်မြို့နယ်က မဂ္ဂဇင်း၊ ဂျာနယ်စုံ ၁၀၈စောင်၊ ဒေါ်တင်တင်အေး လှိုင်မြင့်မိုရ်အိမ်ရာ လှိုင်မြို့နယ်က ဝတ္ထု၊ မဂ္ဂဇင်းစုံ ၇၅အုပ်၊ ဦးထိန်ဝင်း–ဒေါ်နန်းခမ်းလောင်က မဂ္ဂဇင်းနှင့် ရုပ်ပြ ၆၇အုပ်၊ မောင်ကောင်းစည်သူ(အထက–၂၊ ဗိုလ်တထောင်)က အားကစားဂျာနယ်နှင့် ရုပ်စုံစာအုပ် ၂၀တို့ ဖြစ်ကြောင်းထပ်မံသတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ တာမွေမြို့နယ် တာမွေအိတ်ချိန်းမိသားစုက ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစားချေးငွေလုပ်ငန်း၏ ရာဖြတ်ခြင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုမွမ်းမံသင်တန်းအမှတ်စဉ် ၁/၂၀၀၅ ဖွင့်ပွဲကို စက်တင်ဘာ ၁၂ ရက်က ရန်ကုန်မြို့ပန်းဆိုးတန်းလမ်း မြန်မာ့အသေးစား ချေးငွေလုပ်ငန်း သင်တန်းခန်းမတွင် ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး (ပူးတွဲတာဝန်) အထွေထွေ မန်နေဂျာ ဦးအောင်မြင့်ထွန်း သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။ (၃၂)

မြန်မာနိုင်ငံတွင် အေအိုင်ဒီအက်စ်၊ တီဘီ၊ ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်နေစဉ် ရန်ပုံငွေရပ်ဆိုင်းမှု ပြည်သူများဆိုးကျိုးသာဖြစ်နိုင်

အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများနှင့် အိန္ဒိယနိုင်ငံတို့က ကန့်ကွက်

ရန်ကုန် စက်တင်ဘာ ၁၂

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့၌ စက်တင်ဘာ ၄ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သော (၂၃)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် စက်တင်ဘာ ၆ ရက်မှ ၁၀ရက်အထိ ကျင်းပသည့် (၅၈)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာကော်မတီ အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည်။

စက်တင်ဘာ၄ရက် ညနေ၄နာရီတွင် ကိုလံဘိုမြို့ Ceylon Continetal Hotel ၌ (၂၃)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သော ကျန်းမာရေး ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားတွင် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Mahinda Rajapakse၊ ကျန်းမာရေးနှင့် လူမှုဝန်ထမ်းဝန်ကြီး H.E. Mr. Nimal Siripala de SILVA၊ အတွင်းဝန် Mr. Ranjith Maligaspe၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

စက်တင်ဘာ၅ရက် နံနက်၈နာရီခွဲတွင် (၂၃)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာအဖွဲ့ဝင် နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို စတင်ကျင်းပရာ သဘာပတိအဖြစ် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E. Mr. Nimal Siripala de SILVA နှင့် တွဲဖက်သဘာပတိအဖြစ် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Khandaker Mosharraf Hossain အား ရွေးချယ်တင်မြှောက်ကြသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးကို ကျင်းပရာ ဒေသတွင်းနိုင်ငံအချို့၌ ၂၀၀၄ခုနှစ် ဒီဇင်ဘာ၂၆ရက်တွင် ဖြစ်ပွားခဲ့သော မြေငလျင်နှင့် ဆူနာမီရေလှိုင်းကြောင့် ကူးစက်ရောဂါ ဖြစ်ပွားမှုကြိုတင်ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေ၊ ဒေသတွင်း နိုင်ငံများအတွင်း အရေးပေါ် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပေါ်ပေါက်လာပါက ဆောင်ရွက်သွားနိုင်မည့် အစီအမံများကို တက်ရောက်လာကြသော အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများက ဆွေးနွေးညှိနှိုင်းကြသည်။

ထို့အပြင် ဒေသတွင်း နိုင်ငံများအတွင်း ပြည်သူ့ကျန်းမာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး၊ ပြည်သူ့ကျန်းမာရေး ဘာသာရပ်အား ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပို့ချနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။ အစည်းအဝေးတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်က မြန်မာနိုင်ငံ၌ ပြည်သူ့ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူ့ကျန်းမာရေးဆိုင်ရာ တက္ကသိုလ် တည်ထောင်ဖွင့်လှစ်နိုင်ရန် သင်ရိုးညွှန်းတမ်းများ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူ့ကျန်းမာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ ကျေးလက်ဒေသနေ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုများအား ပိုမိုတိုးမြှင့် ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် ရောဂါ ကြိုတင်ကာကွယ်ရေး၊ ကုသရေးနှင့် ကျန်းမာရေး အသိပညာပိုမိုရရှိရေး လုပ်ငန်းများ ပါဝင်လျက်ရှိကြောင်း၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာ၌ ပြည်သူ့ကျန်းမာရေး ကဏ္ဍဖွံ့ဖြိုးရေးသည် အဓိက သော့ချက် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်သူ့ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံတကာကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို လိုက်နာကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် အရေးပေါ်ကူးစက်ရောဂါ ဖြစ်ပွားမှုကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဆေးနှင့် ကာကွယ်ဆေးများကို လွယ်ကူလျင်မြန်စွာရရှိစေရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ သဘောတူညီချက်အတိုင်း ဆောင်ရွက်နိုင်ရေး၊ ဆေးနှင့်ကာကွယ်ဆေးများ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းလုပ်ငန်းများအား မူပိုင်ခွင့်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာကျင့်သုံးနိုင်စေရေး၊ အဖွဲ့ဝင်နိုင်ငံများအတွင်း ကာကွယ်ဆေးနှင့် ဆေးစစ်ဆေးမှန်များ ဈေးနှုန်းသက်သာစွာဖြင့် ရရှိနိုင်ရေး ကိစ္စရပ်များအား ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးများအစည်းအဝေးမှ ဆွေးနွေးပွဲရလဒ်များအား သဘာပတိက အတည်ပြုကြေညာပြီး ဝန်ကြီးများအစည်းအဝေးကို ညနေ ၆နာရီတွင် ကျင်းပပြီးစီးခဲ့သည်။

စက်တင်ဘာ၆ရက် နံနက်၉နာရီတွင် ကိုလံဘိုမြို့ (World Trade Centre) ၌ (၅၈)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာကော်မတီ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို စတင်ကျင်းပရာ အခမ်းအနားသို့ ဒေသတွင်း အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Lee Jong Wook၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang နှင့် အဖွဲ့ဝင်နိုင်ငံ များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး (၅၈)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာကော်မတီ အစည်းအဝေးအား ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးကဆောင်ရွက်ပြီး ၂၀၀၄-၂၀၀၅ ခုနှစ် ဒေသတွင်းကမ္ဘာ့ကျန်းမာရေး အဖွဲ့ဝင်နိုင်ငံများက ကျန်းမာရေး စီမံချက်လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် ကျန်းမာရေးဆိုင်ရာ စီမံချက်လုပ်ငန်းများအား သုံးသပ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

စက်တင်ဘာ၇ရက်တွင် ဒေသတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှနိုင်ငံများ၏ ဒေသဆိုင်ရာ ကော်မတီအစည်းအဝေးပွဲကိုဆက်လက် ကျင်းပရာ (၂၀၀၆-၂၀၀၇)ခုနှစ် ဒေသတွင်း အဖွဲ့ဝင်နိုင်ငံများအတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့် ရန်ပုံငွေ ခွဲဝေအတည်ပြု သတ်မှတ်ခြင်း၊ ဒေသတွင်းနိုင်ငံများ၏ ကျန်းမာရေး လုပ်ငန်းများအတွက် ရန်ပုံငွေရရှိနိုင်မည့် နည်းလမ်းများအား ဆွေးနွေးညှိနှိုင်းခြင်း၊ ဒေသတွင်းနိုင်ငံများ၏ ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း ဆောင်ရွက်မည့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများအား ဆွေးနွေးညှိနှိုင်းခြင်း၊ အဖွဲ့ဝင်နိုင်ငံများအတွင်း မွေးဖွားမှု အားလုံးကို ကျွမ်းကျင်သူများက ပြုစုစောင့်ရှောက်ပေးရေး အရည်အသွေး မြှင့်တင်ဆောင်ရွက်ရန် ကိစ္စရပ်များအား ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

စက်တင်ဘာ ၈ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ကော်မတီအစည်းအဝေးကို ဆက်လက် ကျင်းပရာ ဒေသတွင်း နိုင်ငံအချို့တွင်ဖြစ်ပွားခဲ့သောမြေငလျင်နှင့် ဆူနာမီရေလှိုင်းကြောင့်ပျက်စီးဆုံးရှုံးမှုများအတွက် အရေးပေါ် ကူးစက်ရောဂါများ ဖြစ်ပွားလာပါက ကြိုတင် ဆောင်ရွက်မည့် အစီအစဉ်များနှင့် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် ကိစ္စများနှင့် နိုင်ငံတကာ ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား အဖွဲ့ဝင်နိုင်ငံများက အကောင်အထည်ဖော် ဆောင်ရွက်မည့်ကိစ္စရပ်များအား လည်းကောင်း၊ အာရှနှင့် ပစိဖိတ်ဒေသတွင်း နိုင်ငံများအတွင်း အရေးပေါ်ကူးစက်ရောဂါများ ဖြစ်ပွားပါကဆောင်ရွက်မည့် အစီအစဉ်များအားလည်းကောင်း ညှိနှိုင်းဆွေးနွေး အတည်ပြုခဲ့သည်။

စက်တင်ဘာ ၉ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ကော်မတီအစည်းအဝေးသို့ ပါဝင်တက်ရောက်လာကြသော အဖွဲ့ဝင်နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များသည် ကန္ဒီမြို့သို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား လေ့လာခဲ့ကြသည်။

စက်တင်ဘာ၁၀ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာကော်မတီ အစည်းအဝေးကို နံနက်၈နာရီခွဲတွင် စတင်ကျင်းပခဲ့ပြီး အစည်းအဝေးမှ ဆွေးနွေးပွဲရလဒ်များအား အတည်ပြုခြင်း၊ ဒေသတွင်း အဖွဲ့ဝင်နိုင်ငံများအတွင်း အဓိကဦးစားပေးဆောင်ရွက်ရမည့် အရေးပေါ် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အစီအစဉ်များ၊ နိုင်ငံတကာ ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များအား အဖွဲ့ဝင်နိုင်ငံများက ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် ပိုလီယိုရောဂါကင်းဝေး ပပျောက်စေရေးလုပ်ငန်းများ အရှိန်အဟုန်နှင့် ဆောင်ရွက်သွားရန် ကိစ္စရပ်များအား ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ဆက်လက်၍ GFATM ကိစ္စနှင့် ပတ်သက်၍ အရှေ့တောင်အာရှ ဒေသတွင်း နိုင်ငံများ၏ အစည်းအဝေးကို အစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ အေအိုင်ဒီအက်စ်၊ တီဘီနှင့် ငှက်ဖျားရောဂါ တိုက်ဖျက်ရေး ရန်ပုံငွေအဖွဲ့ GFATM မှ ရန်ပုံငွေ ရရှိရန် အဆိုပြုလွှာပေးပို့ခဲ့ကြောင်း၊ GFATM အဖွဲ့မှ ရန်ပုံငွေခွဲဝေချထားပေးရန် သဘောတူ ခွင့်ပြုကြောင်း ပြန်ကြားချက်ရရှိခဲ့ကြောင်း၊ သို့ရာတွင် ရန်ပုံငွေပေးပို့မှုမှာ အချိန်မီ ဆောင်ရွက်ပေးခြင်း မရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေစဉ် ကာလအတွင်း ရန်ပုံငွေရပ်ဆိုင်းကြောင်း GFATM မှအကြောင်းကြားခဲ့ကြောင်း၊ GFATM အဖွဲ့၏ အကြောင်းပြချက်များမှာလည်း ခိုင်လုံမှုမရှိကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးအတွက် ဆိုးကျိုးတရားများကိုသာ ဖြစ်ပေါ်စေကြောင်း တင်ပြဆွေးနွေးရာ တင်ပြချက်အား အရှေ့တောင်အာရှ ဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံ ၁၁နိုင်ငံမှ အတည်ပြုသဘောတူညီခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plianbangchang က ဒေသတွင်း နိုင်ငံများကိုယ်စား GFATMအဖွဲ့သို့ ကန့်ကွက်ကြောင်း တင်ပြရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။

ထို့အပြင် GFATM အဖွဲ့တွင် အရှေ့တောင်အာရှတွင်း နိုင်ငံများ၏ ကိုယ်စားလှယ်အဖွဲ့ဝင် တစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံမှလည်း အဆိုပါကိစ္စအား ဆက်သွယ်ကန့်ကွက်သွားမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးသွားသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်စဉ်။
(ကျန်းမာရေး)

ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင် ပုလဲဝင်းက မွေးနေ့အထိမ်းအမှတ်အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ဆေး၊ ပဒေသာပင် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့-အဖွဲ့ဝင် ဦးဝင်းထိန် လက်ခံယူစဉ်။ (က-ပ)

ဝိသာခါ သီလရှင်သင်ပညာရေးကျောင်းအတွက် ထုတ်ဝေသူများ၏ အလှူငွေစာအုပ်ရောင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

ဝိသာခါသီလရှင်သင်ပညာရေးကျောင်းမှ မိဘမဲ့ကလေးများအတွက် စာအုပ်ထုတ်ဝေသူများ၏ အလှူငွေ စာအုပ်ရောင်းပွဲ ပထမအကြိမ် ဖွင့်ပွဲကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ လောကနတ်ခန်းမ၌ ကျင်းပရာ အလှူရှင်စာအုပ်ထုတ်ဝေသူများ၊ ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

စာအုပ်ရောင်းပွဲကို ယနေ့မှ စက်တင်ဘာ ၁၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅နာရီအတွင်း ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ပြီး စာအုပ်တန်ဖိုး၏ ၁၀ရာခိုင်နှုန်း ဈေးလျှော့ရောင်းချ၍ ရောင်းရငွေမှ ၁၀ရာခိုင်နှုန်းကို ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ ဝိသာခါ သီလရှင်သင်ပညာရေးကျောင်း၌ ပညာသင်ကြားလျက်ရှိသော မိဘမဲ့ တိုင်းရင်းသားကလေးငယ်များအတွက် လှူဒါန်းသွားမည် ဖြစ်သည်။

စာအုပ်ရောင်းချပွဲတွင် အလှူရှင်စာအုပ်ထုတ်ဝေသူများဖြစ်ကြသော Quality၊ သဟဇာတ၊ မြနန္ဒာ၊ ရန်အောင်၊ သီဟရတနာ၊ တကောင်း၊ ပါရမီ၊ Unity၊ ကံ့ကော်ဝတ်ရည်၊ ဖေယျာမြေ၊ စိတ်ကူးချိုချို၊ ရွှံ၊ ပန်းမျိုးတစ်ရာ၊ အားမာန်သစ်၊ ပန်းရွှေပြည်၊ နန်းဒေဝီ၊ စာအုပ်ဈေးနှင့် စာပေလောကတို့က ပါဝင်ရောင်းချ ကုသိုလ်ပြု လှူဒါန်းကြမည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ သွေးလှူဒါန်း တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုအားပေး

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သိန္နီလမ်းနေ ကွယ်လွန်သူမိဘများ အားရည်စူး၍ ဦးစောတင်သန်း–ဒေါ်မြသန်း သား၊ သမီး၊ မြေး တစ်စုတို့က ဧရာဝတီတိုင်းမြန်အောင်မြို့ ပရဟိတ မြို့ရှေ့ကျောင်းတိုက် မြန်အောင် သမ္ဗုဒ္ဓေစေတီ စေတီရံ တစ်ဆူအတွက် အလှူတော်ငွေကျပ်တစ်သိန်း လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။ (က–ပ)

ရန်ကုန် စက်တင်ဘာ ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ရွှေမော်ဓောစေတီမြတ်ကြီးသို့ရောက်ရှိပြီး အနောက်ဘက်မုခ် တန်ဆောင်း၌ တိုင်း၊ခရိုင်၊မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် အတူ ရုပ်ပွားတော်မြတ်အား ရောင်တော်ဖွင့်ခြင်းလုပ်ငန်းဆောင်ရွက်သည်။ ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ အပတ်စဉ် စေတီတော်ရင်ပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်းလုပ်ငန်းများကိုကြည့်ရှုအားပေးသည်။

ဗဟိုအလုပ်အမှုဆောင်သည် ပဲခူးတိုင်း (အရှေ့) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်း လိုက်ပါ၍ ပဲခူးတိုင်း ဖြူးမြို့နယ် စည်ပင်ခန်းမသို့ ရောက်ရှိပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် တွေ့ဆုံမှာကြားသည်။

တက်ရောက်

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး တောင်ငူမြို့နယ် အသင်းဝင်များ၏ သွေးလှူဒါန်းပွဲသို့ တက်ရောက်သည်။ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့က အသင်းဝင် သွေးလှူရှင်များ၏ သွေးလှူဒါန်းနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး သွေးလှူရှင် တစ်ဦးချင်းအား အာဟာရနှင့် ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက တောင်ငူခရိုင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ တောင်ငူခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းနိုင်ရှိန်က လက်ခံသည်။

အရဏ်ဆွမ်းလောင်းလှူ

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့ ရွှေဆံတော်ဘုရားကြီး အရှေ့ဘက်မုခ်ရှိ ၃၆၅ ရက် ဘုံဆွမ်းလောင်းအဖွဲ့သို့ ရောက်ရှိပြီး တိုင်း၊ ခရိုင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်အတူ တောင်ငူမြို့ပေါ် ကျောင်းတိုက် အသီးသီးမှ ရဟန်း၊ သာမဏေအပါး ၁၇၀၀ ကျော်အား အရဏ်ဆွမ်းလောင်းလှူပြီး အသင်းဝင်များနှင့် တွေ့ဆုံမှာကြားသည်။

ထိုမှဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် တောင်ငူခရိုင် ထန်းတပင်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းရုံးသို့ ရောက်ရှိ၍ အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ပေးအပ်

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ထန်းတပင်မြို့နယ် ကျေးရွာအုပ်စု ၃၄ အုပ်စု၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ငွေကျပ်ငါးသိန်း၊ ထန်းတပင်–တပြေးကားလမ်းကတ္တရာထပ်ပိုးလွှာခင်းရန်အတွက် ငွေကျပ်ငါးသောင်း၊ ထန်းတပင်မြို့ အထက်တန်းကျောင်း သံပန်းတံခါးပြုလုပ်ရန်အတွက် ငွေကျပ်တစ်သိန်းနှင့် ထန်းတပင်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း မှူကြိုကျောင်းအတွက်ငွေကျပ်ငါးသောင်း တို့ကို ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံကြသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းတို့ တောင်ငူမြို့ ပြည်သူ့ဆေးရုံကြီးတွင် တောင်ငူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ သွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးစဉ်။ (ရထား)

ကျောင်းသားဟောင်းများ စေတနာဆေးခန်းဖွင့်ကုသ

ရန်ကုန် စက်တင်ဘာ ၁၂

တောင်ဥက္ကလာပမြို့နယ် အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူဟောင်းများဖြစ်သည့် ဆရာဝန်များ ကြီးမှူး၍ ပညာသင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမကြီးများ၏ ကျန်းမာရေးကိုစဉ်ဆက်မပြတ် စစ်ဆေးကုသမှု ပြုလုပ်နိုင်ရန် ရည်ရွယ်၍ ဩဂုတ် ၂၈ရက်မှ စတင်ကာ လစဉ်နောက်ဆုံးပတ် တနင်္ဂနွေနေ့များတွင် ဆေးခန်းဖွင့်လှစ်ဆေးကုသပေးလျက်ရှိသည်။

(က–ပ)

မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာန အခြားစွမ်းအင်ဖွံ့ဖြိုးရေးနှင့် ထိရောက်စွာအသုံးချရေးဌာနတို့ ပူးပေါင်းကျင်းပသည့် ဧရာဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအစီအစဉ်တွင် ဇီဝအားဖြည့်လောင်စာဆီကဏ္ဍကို ကဏ္ဍတစ်ခုအဖြစ် ပူးပေါင်းဆောင်ရွက်ရန်အတွက် အကြိုအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားအပြီးတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် တက်ရောက်သူများ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (စွမ်းအင်)

ဇီဝအားဖြည့်လောင်စာဆီကဏ္ဍကို ကဏ္ဍတစ်ခုအဖြစ် ပူးပေါင်းဆောင်ရွက်ရန် အကြိုအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၂

မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနသည် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန အခြားစွမ်းအင်ဖွံ့ဖြိုးရေးနှင့် ထိရောက်စွာအသုံးချရေးဌာနနှင့် ပူးပေါင်းကျင်းပသည့် ဧရာဝတီ–ကျောက်ဖယား–မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအစီအစဉ်တွင် ဇီဝအားဖြည့်လောင်စာဆီကဏ္ဍကို ကဏ္ဍတစ်ခု အဖြစ် ပူးပေါင်းဆောင်ရွက်ရန်အတွက် အကြိုအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းအဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စွမ်းအင်ဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်းတို့မှ ပညာရှင်များ၊ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အကြိုအလုပ်ရုံ ဆွေးနွေးပွဲတွင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးသည်။

ဆွေးနွေး

ဖွင့်ပွဲအပြီးတွင် မှတ်တမ်းတင် ဓာတ်ပုံစုပေါင်းရိုက်ကြသည်။ ယင်းနောက် အကြို အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဇီဝအားဖြည့် လောင်စာဆီ ဖွံ့ဖြိုးမှု လုပ်ငန်း တိုးတက်ဆောင်ရွက်မှုအခြေအနေနှင့် ရှေ့အလားအလာများကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များက ဆွေးနွေးကြပြီး အကြိုအလုပ်ရုံ ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အခြေခံယာဉ်မောင်းသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေး ကုန်စည်ပို့ဆောင်ရေးဌာနခွဲတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်း အမှတ်စဉ်(၁၇) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာန လေ့ကျင့်ရေး ဌာနစုကျန်စစ်သားခန်းမ၌ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ အဆိုပါ ယာဉ်မောင်းသင်တန်းသည် အောက်တိုဘာ ၂၁ရက်အထိ ရက်သတ္တ ခြောက်ပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား ၆၀ တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပုဇွန်တောင်မြို့နယ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေးနေ့ (ဆယ်စုနှစ်) အထိမ်းအမှတ် အခမ်းအနားကို စက်တင်ဘာ ၈ ရက်က အထက(၂) ခန်းမ၌ ပြုလုပ်ရာ စာတတ်မြောက်ရေးနေ့ ဆောင်းပါးပြိုင်ပွဲ ပထမဆုရ မမေမျိုးနိုင် (အထက–၄)အား မြို့နယ် ပညာရေးမှူး ဦးချစ်အေးက ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(၂၃)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း တနင်္သာရီတိုင်းအတွင်း ကျေးလက်ဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် တနင်္သာရီတိုင်းတာဝန်ခံ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် စက်တင်ဘာ ၁၀ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်း တနင်္သာရီမြို့နယ် ဘန်းလမွတ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမဆောင်သို့ ရောက်ရှိပြီး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရမည့် အခြေအနေများအား ဆွေးနွေး မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသော တာဝန်ရှိသူများ၏ ပြည်သူ့အကျိုးပြုလုပ်ငန်း တင်ပြချက်များအပေါ် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် တနင်္သာရီမြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမဆောင်သို့ ရောက်ရှိပြီး ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ အဖွဲ့ဝင်များအား တွေ့ဆုံ၍ ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ထားကာ ကျေးလက်ဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ လူမှုဘဝ တိုးတက်ရေးနှင့် ပညာရည်မြင့်မားရေး၊ စည်းကမ်းပြည့်ဝသည့် ခေတ်မီဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် မျိုးဆက်သစ် လူငယ်များ ပညာရည်မြင့်မားရန် လိုအပ်သည့် အခြေအနေများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တနင်္သာရီမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူးနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌတို့က တနင်္သာရီမြို့နယ် အတွင်း ပညာရေး၊ ကျန်းမာရေးနှင့် လူမှုအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအမံ လိုအပ်မှုများတင်ပြချက်အပေါ် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးကဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့မှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် တနင်္သာရီမြို့နယ် ရမ်းဖိုကျေးရွာအခြေခံပညာမူလတန်းကျောင်း၏ ကျောင်းအင်္ဂါရပ်နှင့် ညီညွတ်ရေး ပြုပြင်ဆောင်ရွက်ရမည့် အခြေအနေများကို လည်းကောင်း၊ မြိတ်မြို့ရှမ်းကျောင်းရပ်ကွက်ရှိတနင်္သာရီတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး တည်ဆောက်နေသည့် အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မြိတ်မြို့ ဆိပ်ငယ်ရပ်ရှိမြိတ်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး တိုင်းအတွင်းရေးမှူး ဦးကျော်ကျော်ဌေးနှင့် အလုပ်အမှုဆောင်များ၊မြိတ်ခရိုင် အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအားတွေ့ဆုံ၍ လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှုနှင့် စည်းရုံးရေး ဆိုင်ရာများအား ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့်မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး ရေလုပ်ငန်းရှင်များအား တွေ့ဆုံ၍ ၎င်းတို့၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်အပေါ် ဝန်ကြီးက ပင်လယ်ပြင် ငါးဖမ်းဆီးရေးဆိုင်ရာစည်းမျဉ်း စည်းကမ်းများနှင့် အညီ ဆောင်ရွက်လုပ်ကိုင်ရေး၊ ပင်လယ်ပြင်သယံဇာတ ပြုန်းတီးမှုမရှိအောင် ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ရေးတို့ကို မှာကြားဆွေးနွေးသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် တနင်္သာရီတိုင်း ပုလောမြို့နယ် ဇရပ်ဆိပ်ကျေးရွာအုပ်စု ဇရပ်ဆိပ်ကျောင်းတိုက်သို့ ရောက်ရှိပြီး ဇရပ်ဆိပ် ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ဇရပ်ဆိပ် ကျေးရွာအုပ်စု အတွင်းရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊လူမှုရေးအသင်း အဖွဲ့အသီးသီးမှအဖွဲ့ဝင်များ၊ ကျေးရွာသူ၊ရွာသားများအားတွေ့ဆုံ၍ကျေးလက် ဒေသများအတွင်း ပညာရေးမြှင့်တင်မှု လုပ်ငန်း၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် စိုက်ပျိုးမွေးမြူခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ရေး လုပ်ငန်းများ၊ အသင်းကြီး၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်မှုများအား ဆွေးနွေးမှာကြားသည်။

လုပ်ငန်းစဉ် (၅)ရပ်

ထိုမှတစ်ဆင့် ဗဟိုအလုပ်မှုဆောင် ဝန်ကြီးသည် ပုလောမြို့ ကမ်းရိုးတန်း ရတနာခန်းမသို့ရောက်ရှိပြီးဌာနဆိုင်ရာ များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အသင်းအဖွဲ့ အသီးသီးမှ အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ နိုင်ငံတော် ရှေ့ဆက်သွားမည့် လမ်းစဉ်(၇)ရပ် ဖော်ဆောင်မှုရလဒ်ကောင်း အခြေအနေ၊ နိုင်ငံတော် အစိုးရက တိုးတက်တည်ဆောက်ခဲ့သည့် လူမှုဘဝအဆောက်အအုံများ အခြေအနေနှင့် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် မရှိစေရန် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ် (၅)ရပ် ချမှတ်၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မြိတ်ခရိုင် ပလောက်မြို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ရုံးသစ်အဆောက်အအုံကို ဗဟိုအလုပ် အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် တနင်္သာရီတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ကျော်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရုံးသစ်အဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပြုလွှာပေးအပ်

ထို့နောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပလောက်မြို့နယ်ခွဲရုံး အစည်းအဝေးခန်းမသို့ရောက်ရှိပြီး ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့အစည်း အသီးသီးမှ အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ ပလောက်မြို့အတွင်း ပညာရေး မြှင့်တင်မှုလုပ်ငန်း၊ ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက ဦးဆောင်၍ ပြုပြင်တည်ဆောက်ဆောင်ရွက်ပေးမည့် အခြေအနေများအား ဆွေးနွေးမှာကြားပြီး ပလောက်မြို့အတွင်းရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ၈၀၀ကျော်တို့၏ အဆိုပြုလွှာများကို ပလောက်မြို့ အတွင်းရေးမှူး ဦးပြုံးချိုက ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းထံ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ပုစွန်မွေးမြူရေးစခန်း

ထိုမှတစ်ဆင့် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် ပုလောမြို့နယ် သဲပုံကျေးရွာရှိ ဗင်းဒေးကုမ္ပဏီလီမိတက်၏ ရေငန်ပုစွန်မွေးမြူရေးစခန်းသို့ ရောက်ရှိပြီး ပုစွန်ကန်များ ဖော်ယူရောင်းချပြီးစီးမှုနှင့် ထပ်မံမွေးမြူရန် ကန်များ ပြုပြင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် တနင်္သာရီတိုင်းတာဝန်ခံ၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း မြိတ်ခရိုင် တနင်္သာရီမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။ (မွေး/ရေ)

ပန်းပေါင်း ၈၄၀၀၀ ပူဇော်မည်

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကင်းမြို့နယ် ပညာဝတီရိပ်သာကျောင်းတိုက်အတွင်းရှိ ဣန္ဒာသယ ဆုတောင်းပြည့် စေတီတော်မြတ်ကြီးအား ပန်းပေါင်း ၈၄၀၀၀ ကို ပညာဝတီရိပ်သာ ကျောင်းတိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တဇာဂရက(၂၇)ကြိမ်မြောက် လှူဒါန်း ပူဇော်မည်ဖြစ်ရာ စက်တင်ဘာ ၁၆ ရက်(သောကြာနေ့) ညနေ ၃ နာရီမှ ည ၈ နာရီအထိ လာရောက်ပူဇော်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်မည်

ရန်ကုန် စက်တင်ဘာ ၁၂

လွန်ခဲ့သော၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ဧရာဝတီတိုင်းတွင် နေရာကွက်၍မိုးကြီးခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆:၃၀နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနေသည်။

စက်တင်ဘာ၁၃ရက်နေ့ ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင်၃၅မိုင်မှ မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်မည်။

စက်တင်ဘာ ၉ ရက်က တာမွေမြို့နယ် အထက(၁) ၂၀၀၄-၂၀၀၅ ခုနှစ် မိဘဆရာ အသင်းနှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန် ဆုနှင်းသဘင် အခမ်းအနားကိုကျင်းပရာ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် မောင်ငြိမ်းချမ်းကိုကိုအား ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ခင်စု ဆုချီးမြှင့်စဉ်။

(ပညာရေး)

စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်ရောက်နိုင်

ရန်ကုန် စက်တင်ဘာ ၁၂

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၀၃၆ စင်တီမီတာသို့ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီ အတွင်း စိုးရိမ်ရေမှတ် ၁၀၇၀စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၂

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျီးညိုက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မြအေးက သက်ဆိုင်ရာ ရပ်ကွက်ဥက္ကဋ္ဌများအား စာအုပ်များပေးအပ်သည်။ (မြို့နယ်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၉-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ **အဝေးသင်တက္ကသိုလ်ပညာရေး ပို့ချမှုအစီအစဉ် - Correlation** (ပထမနှစ်-စီးပွားရေးပညာ)
၅:၂၅	၉။ ပညာခေတ်
၅:၄၅	၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်” (အပိုင်း-၁၇)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ ကျန်းမာသုတအစီအစဉ်
	၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “နှင်းနဂါးသိုင်း” (အပိုင်း-၂၅)**
	၂၂။ သင့်အတွက်မနက်ဖြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး(၅/၂၀၀၅)သို့ တက်ရောက်အမှာစကားပြောကြား

အမှာစကားပြောကြား

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး (၅/၂၀၀၅)တွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁၂

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး (၅/၂၀၀၅)ကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဌာနချုပ်ရုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ပုံမှန်အစည်းအဝေးသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)နှင့် ဗိုလ်ချုပ်စောထွန်း၊ ဗဟိုစည်းရုံးရေးကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ ယခုအစည်းအဝေးတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ၏ လုပ်ငန်းများဆောင်ရွက်ရာ၌ လိုအပ်သော အထောက်အကူပြုအဖွဲ့များနှင့် ကော်မတီဝင်များဖွဲ့စည်းမှုအပိုင်း၊ အဖွဲ့ဝင်များအား အဆင့်မြင့်စည်းရုံးရေးသင်တန်းများ၊ ရက်တိုလေ့ကျင့်ပညာပေးရေးသင်တန်းများ စနစ်တကျ လေ့ကျင့်ပညာပေးရေးအပိုင်း၊ စစ်မှုထမ်းဟောင်းကျေးရွာအမှတ်(၂)ကို စနစ်တကျ တည်ထောင်ပြီးစီးရေးနှင့် နေထိုင်ရန် အမှန်တကယ်လိုအပ်သည့် စစ်မှုထမ်းဟောင်းများအား စနစ်တကျ နေရာချထားရေး၊ မိသားစု အသက်မွေးမှုလုပ်ငန်းအဖြစ် **စာမျက်နှာ ၉ ကော်လံ ၇ သို့** ❁



၂၀၀၅ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန်ကြေညာ

ရန်ကုန် စက်တင်ဘာ ၁၂

၂၀၀၅ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်အတွက် မိမိတို့ စာမေးပွဲဖြေဆိုခဲ့ကြသော စာစစ်ဌာန ကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရမည့်ပုံစံများကို စက်တင်ဘာ ၁၉ရက်(တနင်္လာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်သည်။ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာများကို စက်တင်ဘာ ၁၉ရက်မှ အောက်တိုဘာ ၄ရက်အထိ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များအပါအဝင်(ပိတ်ရက်မရှိ)အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)သို့ တိုက်ရိုက်လျှောက်ထားနိုင်သည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၅၀၃၁၄၇၊ ၅၀၂၂၈၅၊ ၅၂၅၆၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ ၁၂-၉-၂၀၀၅

ဟင်္သာတ	၃ဒသမ ဝ၃လက်မ
ကျိုက္ခမီ	၂ဒသမ ၉၉လက်မ
ဘားအံ	၂ဒသမ ၇၆လက်မ
တောင်ငူ	၂ဒသမ ၂၅လက်မ
ပုသိမ်	၁ဒသမ ၉၃လက်မ
ရမည်းသင်း	၁ဒသမ ၄၆လက်မ
လှိုင်ကော်	၁ဒသမ ၃၄လက်မ
မိတ္ထီလာနှင့် ညောင်ဦး	ဝဒသမ ၉၉လက်မစီ
မကွေး	ဝဒသမ ၆၇လက်မ
မုံရွာ	ဝဒသမ ၄၈လက်မ